မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၁၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ သောကြာနေ့။

ထူးခြားသည့် ညအပူချိန်များ

၂၄-၁-၂၀၁၃

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်

သာယာမည်

၂၅-၁-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

ငါးနှစ်စီမံကိန်းဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း ၅၂၁၁ ခု ထပ်မံဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးသတ္တမနေ့ကို အစီအစဉ်(၈)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း (၆)ခု မေးမြန်းဖြေကြားခဲ့ကြသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းက စိုက်ပျိုးရေ၊ သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိရေးအတွက် အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိပြီး နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြည်သူ့ကိုယ်စားလှယ်များက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

အဆိုမှာ **ရေရှားပါးသောဒေသများရှိ ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝသင့်တင့်စွာရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အထောက်အကူဖြစ်စေရန် ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေ၊ သောက်ရေ၊ သုံးရေ ရှားပါးခက်ခဲနေသည့် အခြေအနေအားလုံးကို သိရှိပြုပြင်ဆောင်ရွက်နိုင်ရန် အထူးအဖွဲ့များ စေလွှတ်စုံစမ်း၍ တွေ့ရှိချက်များအပေါ် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း**ဟူ၍ ဖြစ်သည်။

အဆိုတင်သွင်းရာတွင် အညာဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ရေလှောင်တမံ(၄၆)ခု၊ ရေလွှဲဆည်(၂၃)ခု၊ ရေလှောင်ကန် (၂၄) ခု၊ ကျေးရွာဆည်၊ ကန်(၁၈၄)ခု၊ ဖွံ့ဖြိုးရေးဆည်၊ ကန်(၂၃၂)ခု၊ မြစ်ရေတင် (၇၈)ခု၊ စက်ရေတွင်း(၁၅၇၉) ခုအထိ တည်ဆောက်တူးဖော်ပေးထားပြီး ဖြစ်ပါကြောင်း၊ အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆည်ရေလှောင်တမံ(၃၅)ခု၊ မြစ်ရေတင် (၆၂)ခု၊ ဆည်ငယ်၊ကန်ငယ်(၇၈၅) ခု၊ စက်ရေတွင်း တွင်းတိမ်၊ တွင်းနက် (၃၂၂၉)တွင်းအထိ တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ မကွေးတိုင်းဒေသကြီးအတွင်းတွင်လည်း ဆည်၊ ရေလှောင်တမံ(၅၇) ခု၊ မြစ်ရေတင် (၃၁)ခု၊ ဆည်ငယ်/ကန်ငယ်(၁၁၀၂)ခု၊ စက်ရေတွင်း တွင်းတိမ်၊ တွင်းနက်(၂၀၄၇) တွင်းအထိ တူးဖော်ပေးထားသည်ကို စာရင်းဇယားများအရ သိရှိရပါကြောင်း၊ ထိုကဲ့သို့ အညာကျေးလက်ဒေသများ စိုက်ပျိုးရေ၊ သောက်ရေ၊ သုံးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေမြောင်းများ၊ မြစ်ရေတင်များ၊ အဝီစိတွင်းများ၊ ကန်ကြီးကန်ငယ်များ၊ ချောင်းငယ်များ အမြောက်အမြား ပြုလုပ်ပေးခဲ့သော်လည်း လူဦးရေများပြားမှုကြောင့် ရရှိသောရေနှင့် လူဦးရေ မမျှတ၍ ရေမလုံလောက်ခြင်း၊ မိုးမရွာ၍ရေမဝင်ခြင်း၊ ရေတွင်းများ ရေဝေးခြင်း၊ အဝီစိတွင်းများသည် မြေကြီးရွေ့လျားမှု၊ မြေငလျင်လှုပ်မှုများကြောင့် ပျက်စီးသွားသဖြင့် အသုံးပြု၍ မရတော့ခြင်း၊ ဆည်မြောင်း၊ ကန်ကြီး ကန်ငယ်များ တိမ်ကောသွားခြင်း၊ အချို့ရေတွင်းများသည် ပထမပိုင်းတွင် တူးခါစ ရေချိုသော်လည်း တဖြည်းဖြည်းနှင့် ရေငန်လာပြီး နောက်ပိုင်းရေခါးဖြစ်ကာ လုံးဝသောက်သုံးမရသည့် အခြေအနေသို့ဖြစ်သွားကြပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်းဖြင့် အဆိုရှင်က တင်သွင်းခဲ့သည်။

တိုးတက်လာသော လူဦးရေအရ ရေလိုအပ်ချက်သည်လည်း နှစ်စဉ်တိုးတက်၍ လိုအပ်လျက်ရှိရာ နိုင်ငံတော်ဘတ်ဂျက်ဖြင့် မဆောင်ရွက်နိုင်သော ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတကာ အကူအညီ၊ ချေးငွေများဖြင့် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၂မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ အမျိုးသား ဘက်စုံဖွံ့ဖြိုးရေး

စာမျက်နှာ ၇ ကော်လံ ၁ ▲

ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

အာကာဟိန်း-ရေးသားသည်

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း လာမည့်မေလ၌ ပြီးစီးမည်

ကူမင်း ဇန်နဝါရီ ၂၄

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းမှာ ၂၀၁၃ ခုနှစ် မေလတွင် ပြီးစီးတော့မည်ဖြစ်ကြောင်း၊ လာမည့်ဇွန်အစောပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့များဖြန့်ဖြူးမှုစတင်ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (စီအင်န်ပီစီ)အောက်ရှိ မြန်မာ-တရုတ် ပိုက်လိုင်းသွယ်တန်းရေးစီမံကိန်း အကြီးအကဲ ဂေါင်ကျန်ဂိုက ပြောကြားသည်။

မြန်မာနိုင်ငံဘက်မှ ပိုက်လိုင်းသွယ်တန်းတည်ဆောက်မှုလုပ်ငန်းမှာ ပြီးစီးခဲ့ပြီဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံဘက်မှ ပိုက်လိုင်းသွယ်တန်းတည်ဆောက်မှုမှာလည်း ယခုလကုန်၌ ပြီးစီးမည်ဖြစ်သည်။ ဖေဖော်ဝါရီလကုန်တွင် ပိုက်လိုင်းစမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားသည်။ လာမည့်မေလကုန်ခန့်တွင် ပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်းများပြီးစီးပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များဖြန့်ဖြူးရန် အသင့်အနေအထားရှိမည်ဖြစ်သည်။

အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းအနက် ရေနံပိုက်လိုင်းကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနီးမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ဆက်သွယ်ထားခြင်း ဖြစ်သည်။ မြန်မာ-တရုတ် ရေနံပိုက်လိုင်းအရှည်မှာ ၇၇၁ ကီလိုမီတာရှိပြီး တစ်နှစ်လျှင် ရေနံတန်ချိန် ၂၂ သန်း ပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ယခု တည်ဆောက်သွယ်တန်းလျက်ရှိသည့် ပိုက်လိုင်းစီမံကိန်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်အမျိုးသားရေနံပိုက်လိုင်းတို့က ပူးတွဲဆောင်ရွက်ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၄ ❍

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မျိုးဆက်သစ်

ကျွန်ုပ်တို့လူသားများသည် ကမ္ဘာဦးတည်စမှစ၍ မျက်မှောက်ခေတ်သို့တိုင် လူမျိုးတစ်စုချင်းစီတို့သည် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ကူးပြောင်းလာခဲ့ကြပါသည်။ ဤသို့ ကူးပြောင်းကြရာတွင် မျိုးဆက်သစ်တို့၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပေသည်။ ကောင်းမွန်သော မျိုးဆက်သစ်များကို အစဉ်သဖြင့် မွေးထုတ်နေသည့် လူ့ဘောင်အဖွဲ့အစည်းအသီးသီးတို့သည် လျင်မြန်စွာတိုးတက်ကြကုန်၏။ ပုံမှန်အနေအထားမှ သာလွန်ကောင်းမွန်သောလူမှု အသိုက်အဝန်းများကို တည်ဆောက်နိုင်ခဲ့ကြ၏။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့ လူမှုအသိုက်အဝန်းအတွင်း အစဉ်တိုးတက်နေရန်ကား မျိုးဆက်သစ်များ အဆက်မပြတ်မွေးထုတ်ရေးပင်ဖြစ်၏။ မည်သည့်လုပ်ငန်းဌာနတို့၌မဆို မျိုးဆက်သစ် ခါးဆက်မပြတ်ရေးသည် အရေးကြီး၏။ အစိုးရဌာနဖြစ်စေ၊ ပုဂ္ဂလိကအလုပ်ဖြစ်စေ မျိုးဆက်သစ်များ အဆက်မပြတ်ရှင်သန်နေရန်လိုအပ်၏။ မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ထွန်းကားနေပါမှ လုပ်ငန်းအသီးသီးတို့၏ယန္တရားများသည်လည်း ကောင်းမွန်စွာ လည်ပတ်နိုင်ကြမည်ဖြစ်၏။ မျိုးဆက်သစ်ခါးဆက်ပြတ်သော ဌာနတစ်ခုသည် တစ်ချိန်ချိန်တွင် ကျရှုံးမည်သာဖြစ်၏။ ဥပမာအားဖြင့် ဘောလုံးအသင်းတစ်သင်းသည် မျိုးဆက်သစ်များ ခေါ်ယူမွေးမြူခြင်းမရှိချေက သက်ကြီးပိုင်းကစားသမားများ တဖြည်းဖြည်းဖြစ်လာသည့်အတွက် တစ်ချိန်ချိန်တွင် အရှုံးဖြင့် ရင်ဆိုင်ကြရ၏။

ထိုနည်းတူစွာပင် ကျွန်ုပ်တို့လုပ်ကိုင်နေသော လုပ်ငန်းအသီးသီးတို့တွင် မျိုးဆက်သစ်များ မွေးမြူသွားရန် အမှန်ပင်လိုအပ်၏။ မျိုးဆက်သစ်မရှိသော ဌာနတစ်ခုသည် ထိုဌာန၏ အသိပညာအတတ်ပညာများ လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ခြင်းမရှိ၍ လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ဖြစ်ကြရလေသည်။ လုပ်ငန်းတစ်ခုအတွင်း အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်များ ဆိတ်သုဉ်းသွားနိုင်သဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ ကျဆင်းကာ အရာရာ ဆုံးရှုံးနစ်နာမှုများနှင့် ရင်ဆိုင်ကြရတတ်၏။

ထို့ကြောင့် မျိုးဆက်သစ်များ ခါးဆက်မပြတ်ထူထောင်သွားရန် အရေးကြီး၏။ ဉာဏအလုပ်လုပ်လျှင် ဉာဏမျိုးဆက်သစ်များ အဆက်မပြတ်ထူထောင်သွားရန် လို၏။ ကာယအလုပ်လုပ်လျှင် ကာယအလုပ်ကျွမ်းကျင်သော မျိုးဆက်သစ်များ အဆက်မပြတ်ထူထောင်သင့်၏။ အရှင်းဆုံးဆိုရလျှင် တောင်သူယာလုပ် ဓားမခုတ် အလုပ်လုပ်သူသည် ယင်းအလုပ်ကို ဆက်လက်လုပ်ကိုင်မည့် မျိုးဆက်သစ်လို၏။ ရုံးကနားအလုပ်လုပ်လျှင် ရုံးကနားအလုပ်နှင့်ဆိုင်သော အတတ်ပညာဆက်လက်ခံယူမည့် မျိုးဆက်သစ်များ ရှင်သန်နေသင့်၏။ စက်ရုံအလုပ်ရုံတိုင်းတွင် စက်မှုကျွမ်းကျင် အခြေခံလုပ်သားများ မျိုးဆက်မပြတ်ရန်လို၏။ စာသင်ကျောင်းတိုင်းတွင် ဆရာဆရာမ မျိုးဆက်မပြတ်ရန် လို၏။ ဆေးရုံတိုင်းတွင် ဆရာဝန်မျိုးဆက်များလို၏။ မျိုးဆက်သစ်အားလုံးသည် အနာဂတ်ကို ဖန်တီးနိုင်သူများဖြစ်၍ မျိုးဆက်သစ်များ အစဉ်ရှင်သန်ထွန်းကား အပ်ပေကြောင်း။ ။

ပြည်တွင်းသတင်း

ပါရဂူသင်တန်း ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်ဘာသာစကားပြော စွမ်းရည်မြှင့်တင်ရေးဆိုင်ရာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား Diplomatic School မှ Lead- Teacher, Pre-Collegiate Programme, Dr. Dorothy Guyot သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲက ဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ တက္ကသိုလ်များ၌ တက်ရောက်လျက်ရှိသော ပါရဂူသင်တန်း ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်ဘာသာစကားပြော စွမ်းရည်မြှင့်တင်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ AEON ကုမ္ပဏီမှ တာဝန်ရှိသူများသည် နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်လှူဒါန်းခြင်းနှင့် နောင်တိုးချဲ့ဆောက်လုပ် လှူဒါန်းသွားမည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပွင့်ပြင်စရာ

မော်ကျွန်း ပုသိမ်သူဆိပ်ခံဇော ခရီးသွားပြည်သူများအတွက် အန္တရာယ်ရှိနေ

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မော်လမြိုင်ကျွန်း ရန်ကုန်၊ ပုသိမ်သူရေယာဉ်များ လာရောက်ပြေးဆွဲ ခုတ်မောင်းပေးနေသဖြင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် လိုရာခရီးနှင်နိုင်ကြသည်။

ပုသိမ်သူ ရေယာဉ်များသည် မော်လမြိုင်ကျွန်းမြို့မှ ရေယာဉ်ထွက်ချိန် မှန်ကန်စွာ နေ့စဉ် ညနေ ၆ နာရီတိတိတွင် ပုံမှန်ထွက်ရှိပေးနေသဖြင့် ခရီးသည်အလိုက်များပါသည်။ ထို့ပြင် ရန်ကုန်သို့ဆိုက်ကပ်ချိန်မှာလည်း နေ့စဉ် နံနက် ၄ နာရီမှ ၅ နာရီအတွင်း ရောက်ရှိသဖြင့် လိုရာခရီးများသို့ ခရီးသွားပြည်သူများ ခရီးဆက်နိုင်ကြသည်။

ပုသိမ်သူရေယာဉ်များကို မော်လမြိုင်ကျွန်းမြို့မှ ခရီးသွားပြည်သူများ သာမက လမ်းခရီးတစ်လျှောက်ရှိ မြို့များမှ ခရီးသွားပြည်သူများပါ လိုက်ပါစီးနင်းကြရသဖြင့် ခရီးသွားလာမှု အဆင်ပြေလွယ်ကူကြပါသည်။

သို့ပါသော်လည်း မော်လမြိုင်ကျွန်းမြို့ ဘုရင့်နောင် ၁၅ လမ်းရှိ ပုသိမ်သူရေယာဉ်များ ဆိုက်ကပ်သည့် ဆိပ်ခံဇောမှာ ခရီးသွားပြည်သူများအတွက် အထူးအန္တရာယ်ရှိနေသည်။ ဆိပ်ခံဇော အလျားမှာ ပေ ၂၀ သာ ရှိသဖြင့် သေးငယ်လှသည်။ ပုသိမ်သူရေယာဉ်ကြီးများ ဆိုက်ကပ်သည့်အခါ ဇောမှာ သေးငယ်သဖြင့် တုန်ခါလှုပ်

ရမ်းသွားပါသည်။ သင်္ဘောပေါ်မှ ဆိပ်ခံပေါ်သို့ ထိုးသောကုန်းပေါင်မှာ သေးငယ်သောသစ်သားပြားကလေးနှစ်ချပ်သာဖြစ်ပြီး နိမ့်လျှောဖြစ်နေသည်။ အတက်အဆင်းတွင် ယိမ်းနွဲ့လှုပ်ရှားခြင်း၊ တုန်ခါခြင်း၊ အနိမ့်အမြင့် လှုပ်ရှားခြင်းတို့ကြောင့် ခရီးသည်များမှာ ပုသိမ်သူရေယာဉ်ဆိပ်သို့ အဆင်းတွင် အထူးဂရုစိုက်ပြီး ခရီးသည်အချင်းချင်း ဖေးမပိုင်းကူကာ အချင်းချင်းတွဲပြီး ရေယာဉ်ပေါ်သို့ တက်ကြရသည်။

ရေကြောင်းခရီးအသွားအလာများသော မော်လမြိုင်ကျွန်းမြို့နယ်မှ ပြည်သူများမှာ ပုသိမ်သူရေယာဉ်များဖြင့်သာ အားထားပြီး ခရီးသွားလာကြရပါသည်။ ပုသိမ်သူဆိပ်ခံဇောသို့ အဆင်းတွင် ရင်မပြီးဆင်းကြရသည်။ ပုသိမ်သူရေယာဉ်ပေါ်ရောက်မှ စိတ်ကို ဒုန်းဒုန်းချမိကြပါသည်။ နေ့စဉ်ခရီးသွားပြည်သူများ ကြုံတွေ့နေရသည့် စိတ်ဒုက္ခဖြစ်သည်။

ယင်းပုသိမ်သူဆိပ်ခံဇော ယိမ်းထိုးတုန်ခါမှုကြောင့် ဇန်နဝါရီ ၁၄ ရက်က ရေနစ်သေဆုံးသူတစ်ဦးရှိခဲ့ပြီး ယခင်ရက်များက ဇောပေါ်မှ ရေထဲသို့ကျသူများ ရှိသော်လည်း သေကံမရောက် သက်မပျောက်ခဲ့ကြဟု သိရသည်။

သို့ပါ၍ ခရီးသွားပြည်သူများအတွက် အန္တရာယ်ရှိသည့် ပုသိမ်သူဆိပ်ခံဇောအား ခိုင်မာတောင့်တင်းပြီး လှုပ်ရမ်းမှုမရှိနိုင်သော ဆိပ်ခံဇောကြီးတစ်ခုအဖြစ် အစားထိုးလဲလှယ်ပေးပါရန် ခရီးသွားပြည်သူများက လိုလားနေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

(မော်ကျွန်းမြင့်အောင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ထားဝယ် ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ယာဉ်မတော်တဆ ထိခိုက်မှုများ လျော့နည်းပပျောက်စေရေး၊ ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးတို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ နည်းပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိ ဦးထွန်းလင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများတွင် လိုက်နာရမည့် ဥပဒေနှင့် နည်းဥပဒေများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများတွင် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့်အချက်များ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ယာဉ်ထိန်းတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးစိုးဝင်းက ယာဉ်တိုက်မှုအခြေအနေနှင့် လိုက်နာရန်နှင့် ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ထားဝယ်မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး မြင့်ဝင်းက ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ဆောင်ရွက်နေသော လက်အချက်ပြသမှုများ၊ မီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ လမ်းဆုံများတွင် လိုက်နာဆောင်ရွက်ရန်များကို သရုပ်ပြရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဦးစိန်ဝင်း-ထားဝယ်

သွေးသည် အသက်

ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပြီးစီး

ပျဉ်းမနား ဇန်နဝါရီ ၂၄

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက ရွာကောက်ရပ်ကွက် မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အစီအစဉ် ပထမပိုင်းတွင် တက်ရောက်လာသူအင်အား ၃၀၀၀ ကျော်က ဆယ်အိမ်စု တစ်စုစီအတွက် ဆယ်အိမ်စု ကိုယ်စားလှယ်ရွေးချယ်ရာ ဆယ်အိမ်စု ကိုယ်စားလှယ်ဦးရေ ၃၀၀ ရရှိပြီး ဒုတိယပိုင်းတွင် ဆယ်အိမ်စု ကိုယ်စားလှယ် ၃၀၀ အနက် ၂၆၀ တက်ရောက်ခဲ့သည်။ အဆိုပါ တက်ရောက်သူများမှ အုပ်ချုပ်ရေးမှူးလောင်း ကိုးဦးရွေးချယ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်မည့်သူအတွက် တက်ရောက်လာကြသူများက လျှို့ဝှက်မဲစနစ်ဖြင့် ဆန္ဒပြုကြသည်။ အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်နှင့် ကြီးကြပ်ရေးကော်မရှင် ငါးဦးကမဲစာရင်း ရေတွက်စိစစ်ရာ ဆန္ဒမဲ ၁၀၁ မဲဖြင့် အများဆန္ဒအရ အနိုင်ရရှိသူ သူကြီးစု (၂) ဓမ္မာရုံလမ်းမှ ဦးအောင်လွင်ဦးအား အတည်ပြုကြောင်း ကြေညာပြီး ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ ကော်မရှင်တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မတီဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ဌာန
(က)	ဒေါက်တာမြင့်သန်း ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
(ခ)	ဒေါက်တာမြင့်သိန်း ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ရေလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးစိန်သန်း	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
(ခ)	ဒေါက်တာကျော်ဇင်သန့်	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ဂ)	ပါမောက္ခ ဒေါက်တာဝင်းမြတ်အေး	ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံဖူးခက်မြို့၌ ကျင်းပမည့် ပထမအကြိမ် ဖူးခက်အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဖြိုးဇော်အောင် (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)နှင့် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ အားကစားအဖွဲ့တွင် နည်းပြချုပ်အဖြစ် Mr.YU Ung Cho (ကိုရီးယားတိုက်ကွမ်ဒိုနည်းပြဆရာ)၊ နည်းပြအဖြစ် ဒေါ်စိုးစိုးသင်း (အင်ဂျင်နီယာဌာန၊ လမ်း/တံတား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့ ပါဝင်ကြပြီး အားကစားသမားများအဖြစ် ကျောင်းသားကျောင်းသူများဖြစ်ကြသော စောတက်လူ၊ မင်းဟိန်းခန့်၊ လင်းလဲ့ရွှေရည်၊ အေးချမ်းမြတ်ဖြိုးနှင့် နော်အေပရယ်ရှီးတို့ လိုက်ပါသွားကြပြီး ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် နည်းပြချုပ်က ဖူးခက်မြို့သို့ ကြိုတင်ထွက်ခွာသွားကြောင်း သိရှိရသည်။ **(မောင်ကျော်)**

တောင်ပိုင်းစွန်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၁၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် လှိုင်းအသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ (၁၅)ကြိမ်မြောက် သက်ကြီး၊ ဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ မပျက်မကွက်တက်ရောက်ကြရန်၊ အလှူငွေများထည့်ဝင်ကြရန်နှင့် အခမ်းအနားကျင်းပသည့်နေ့ ကံစမ်းမဲအစီအစဉ်အတွက် လှူဖွယ်ပစ္စည်းများကို ယခင်နှစ်များနည်းတူ ယူဆောင်လာကြပါရန် အသိပေးထားကြောင်း သိရသည်။

(သတင်းစဉ်)

အလိမ္မာစာမှာရှိ



နိုင်ငံတကာသတင်း

နယူးဇီလန်၌ ကျွန်းဖြူမီးတောင်လှုပ်ရှားနေ လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထား

ဝယ်လင်တန် ဇန်နဝါရီ ၂၄

နယူးဇီလန်နိုင်ငံမှ ကျွန်းဖြူမီးတောင်သည် လှုပ်ရှားမှုရှိနေသဖြင့် သတိပေးမှုအဆင့် တိုးမြှင့်ထားရကြောင်း နယူးဇီလန်နိုင်ငံမှ မီးတောင်ကျွမ်းကျင်သူများက ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ **(အောက်ပုံ)**

နယူးဇီလန်နိုင်ငံ၏ ဘူမိဗေဒနှင့် နျူကလီးယားပညာဆိုင်ရာသိပ္ပံမှ သတိပေးချက်ထုတ်ပြန်ရာ၌ လာမည့် နာရီ ၂၀ မှ နာရီပေါင်း ၃၀ ခန့်အကြာတွင် ထူးခြားသော ဘူမိလှုပ်ရှားမှုတစ်ရပ် ဖြစ်ပေါ်နိုင်ကြောင်း၊ ယင်းနေရာမှာ နယူးဇီလန်နိုင်ငံမြောက်ကျွန်း အရှေ့ဘက်ကမ်းလွန်ရှိ ကျွန်းဖြူတွင်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကျွန်းဖြူမီးတောင် လှုပ်ရှားမှုအနေအထားမှာ တဖြည်းဖြည်းတိုးမြင့်လာလျက်ရှိကြောင်း လောလောဆယ်တွင် အဝါရောင်အဆင့်မှ လိမ္မော်ရောင်အဆင့်သို့ ပြောင်းလဲသတိပေးထားကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း သတိပေးချက်၌ ဖော်ပြထားသည်။

စတင်ဖြစ်ပေါ်

ကျွန်းဖြူမီးတောင်သည် ပြီးခဲ့သည့်နှစ် ဩဂုတ်လကတည်းက မီးခိုးနှင့်ပြာမှုန်များထွက်ရှိနေခဲ့ခြင်းဖြစ်ပြီး လှုပ်ရှားမှုများ စတင်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ကျွန်းဖြူမီးတောင်သည် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ လှုပ်ရှားမှုထူးခြားလာခြင်းဖြစ်သည်။

ကျွန်းဖြူမီးတောင်သည် ၂၀၀၁ ခုနှစ်က ပထမဆုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးခိုးနှင့်ပြာမှုန်များ ဝေဟင်ထက် မီတာ ၃၀၀ ခန့်အထိ လွင့်ပျံ့ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(ဆင်ဟွာ)**

ဂျာမနီနှင့်ဒတ်ချ်ဒုံးခွင်းဒုံးတပ်စုများ တူရကီသို့ရောက်

အင်ကာရာ ဇန်နဝါရီ ၂၄

တူရကီနှင့် ဆီးရီးယားနယ်စပ်တစ်လျှောက် လက်နက်များတိုးမြှင့်ဖြန့်ကြက်ရန် နေတိုးအဖွဲ့၏ ဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဒတ်ချ်နှင့် ဂျာမနီတို့မှ မြေပြင်မှ ဝေဟင်ပစ်ပက်ထရီယော့ဒုံးခွင်းဒုံးတပ်စုများ တူရကီတောင်ပိုင်းဆိပ်ကမ်းသို့ရောက်ရှိခဲ့ကြောင်း ဇန်နဝါရီ ၂၃ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဒုံးခွင်းဒုံးတပ်စုနှစ်စုအား သယ်ဆောင်လာသည့် သင်္ဘောနှစ်စင်းသည် တူရကီနိုင်ငံ အစ္စကင်ဒီရန်ဆိပ်ကမ်းအနောက်တောင်ဘက်သို့ ဇန်နဝါရီ ၂၁ ရက်က ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရောက်ရှိလာသည့် ဂျာမနီဒုံးခွင်းဒုံးတပ်စုကို ခါရာမန်မာရတ်စ်ပြည်နယ်တောင်ပိုင်းသို့ သယ်ဆောင်ဖြန့်ကြက်သွားမည်ဖြစ်ပြီး ဒတ်ချ်ဒုံးခွင်းဒုံးတပ်စုကို အဒါနာပြည်နယ်အတွင်း ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံကလည်း ပက်ထရော့ဒုံးခွင်းဒုံးတပ်စုနှစ်စုကို တူရကီနိုင်ငံအရှေ့တောင်ပိုင်း အင်ဆာလစ်လေတပ်အခြေစိုက်နေရာ၌ စတင်ဖြန့်ကြက်လျက်ရှိပြီး နောက်ပိုင်းတွင် ဂါဇန်တက်၌ ဖြန့်ကြက်ချသွားမည်ဖြစ်သည်ဟု ဆိုသည်။ ယင်းဒုံးခွင်းဒုံးစနစ်များကို ဖေဖော်ဝါရီလအစောပိုင်းတွင် လုပ်ဆောင်သွားမည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားဒုက္ခသည်အပြည်ပြည်ဆိုင်ရာညီလာခံ အိမ်ရှင်အဖြစ်ကျင်းပရန် ရုရှားသမ္မတ ကမ်းလှမ်း

မော်စကို ဇန်နဝါရီ ၂၄

အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည့် ဆီးရီးယားပြည်သူများ၏ အခြေအနေနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာညီလာခံတစ်ရပ်ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် မိမိနိုင်ငံအနေဖြင့် အဆင်သင့်ရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ပြောကြားချက်ကို ဇန်နဝါရီ ၂၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဒုက္ခသည်ပြဿနာအတွက် အပြည်ပြည်ဆိုင်ရာညီလာခံတစ်ရပ် ဖြစ်ပေါ်စေရန်စီစဉ်မှုကို ကမကထပြုရန် မိမိတို့အစွမ်းကုန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၃ ရက်က လက်ဘနွန်သမ္မတ မီချယ်ဆူလီမန်နှင့် တွေ့ဆုံစဉ် သမ္မတပူတင် **(အပေါ်ပုံ)**က ပြောကြားခဲ့ခြင်းဖြစ်သည်။

စိတ်ဝင်စားသည့် နိုင်ငံများအနေဖြင့် ယင်းကိစ္စကိုသဘောတူညီခဲ့ပါက မော်စကိုအား ညီလာခံကျင်းပရာနေရာအဖြစ် အဆိုပြုရန် မိမိတို့အဆင်သင့်ရှိမည်ဖြစ်ကြောင်း သမ္မတပူတင်က ထပ်လောင်းပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်း စစ်ပွဲများကြောင့် ထွက်ပြေးလာသူဆီးရီးယားဒုက္ခသည် စုစုပေါင်း အရေအတွက် ၆၀၀၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

မှတ်ပုံတင်ထားသည့် ဆီးရီးယားဒုက္ခသည်တစ်နည်းအားဖြင့် ဆီးရီးယားနိုင်ငံ၏အနီးဝန်းကျင်နိုင်ငံများနှင့်အာဖရိကမြောက်ပိုင်းတို့တွင် စာရင်းဝင်ထားသည့် ဆီးရီးယားဒုက္ခသည်စုစုပေါင်း ၆၁၂၁၃၄ ဦးရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ထုတ်ပြန်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

ဂျပန်၌ ခြောက်ရာစုခန့်က ကြေးပုတီးစေ့ တွေ့ရှိ

အိုဆာကာ ဇန်နဝါရီ ၂၄

ဂျပန်နိုင်ငံအနောက်ပိုင်း တိုတိုရီမြို့တွင် ဂျပန်နိုင်ငံ၏ သက်တမ်းအရင့်ဆုံး ကြေးပုတီးစေ့တစ်စေ့ကို ဂျပန်ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၂၄ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါကြေးပုတီးသည် ခြောက်ရာစုခန့်က ပြုလုပ်ခဲ့သောပစ္စည်းဖြစ်ပြီး သင်္ချိုင်းဂူတစ်ခုအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းသင်္ချိုင်းဂူမှာ ခြောက်ရာစုခန့်က ပြုလုပ်ခဲ့သော သင်္ချိုင်းဂူဖြစ်သည်ဟု မိုင်နီချီရှင်ဘွန်း သတင်းစာ၌ ဖော်ပြသည်။

ဂျပန်ရှေးဟောင်းသုတေသနပညာရှင်အဖွဲ့က ပြီးခဲ့သည့်နှစ် မေလကတည်းက အကျယ်စတုရန်းမီတာ ၁၁၀၀ ခန့်ရှိသော ရှေးဟောင်းသင်္ချိုင်းဧရိယာအတွင်း တူးဖော်ရှာဖွေခဲ့ကြခြင်းဖြစ်သည်။ ယင်းပုတီးစေ့သည် အလေးချိန် ၁ ဒသမ ၆ ဂရမ်ရှိပြီး အရှည် ၁ ဒသမ ၇၁ စင်တီမီတာရှိကာ ဖြတ် ၀ ဒသမ ၆ စင်တီမီတာရှိသည်။

ပြောကြား

အဆိုပါကြေးပုတီးစေ့နှင့်အတူ အခြားဖန်ပုတီးစေ့ ၂၀ ခန့်ကိုလည်း အတူတကွတွေ့ရှိရကြောင်း၊ သင်္ချိုင်းဂူတူးဖော်စဉ် တွေ့ရှိရခြင်းဖြစ်ကြောင်း ဂျပန်ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိမှုအရ ရှေးခေတ်လူတို့ ဤနေရာဒေသတစ်ဝိုက်တွင် အုပ်စုဖွဲ့နေထိုင်ခဲ့ကြကြောင်း အနုပညာလက်ရာများလည်း ထွန်းကားခဲ့ကြောင်း သုတေသနပညာရှင်တစ်ဦးဖြစ်သူ ကူနီဟီကိုဆာကာတာက ပြောကြားသည်။ **(ဆင်ဟွာ)**

ရုရှားနိုင်ငံအရှေ့ပိုင်းတွင် အင်အားပြင်းငလျင်လှုပ်

မော်စကို ဇန်နဝါရီ ၂၄

ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ဆာခါလင်ကျွန်းတွင် ဇန်နဝါရီ ၂၄ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားခဲ့ကြောင်း၊ သေကျေပျက်စီးမှုများ ဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း ရုရှားနိုဗိုစတီသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၅ မိနစ်က မြေအောက် ၁၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်သွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားအကယ်ဒမီသိပ္ပံအဖွဲ့က ပြောကြားချက်ကို ကိုးကားပြီး အဆိုပါသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ယင်းငလျင်ကြောင့် ရှီကိုတန်နှင့် ကူနာရှီရီကျွန်းများပေါ်ရှိ ကျေးရွာအချို့တို့တွင် တုန်ခါလှုပ်ယမ်းမှုများ ခံစားခဲ့ကြရသည်ဟုဆိုသည်။ **(ဆင်ဟွာ)**

အာဖရိကတပ်ဖွဲ့များ မာလီအလယ်ပိုင်းသို့ ချီတက်မှုစတင်

ပါရီ ဇန်နဝါရီ ၂၄

အနောက်အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံအတွင်း ပြင်သစ်ဦးဆောင်သည့်စစ်ပွဲ၌ ပူးပေါင်းဆင်နွှဲရန် အာဖရိကတပ်ဖွဲ့ပထမအသုတ်သည် **(ဝဲပုံ)** မာလီနိုင်ငံအလယ်ပိုင်းသို့ စတင်ချီတက်ခဲ့ပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ပြောကြားချက်ကို ဇန်နဝါရီ ၂၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အာဖရိကတပ်ဖွဲ့ဝင်အချို့သည် မာလီနိုင်ငံအလယ်ပိုင်းရှိ မြို့များဆီသို့ ဦးတည်ချီတက်မှု စတင်ခဲ့ပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးဖြစ်သည့် လော့ရင့်ဖာဘီယက်စ်က ဇန်နဝါရီ ၂၃ ရက်တွင် ပါလီမန်ကော်မတီသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဖရိကနိုင်ငံအသီးသီးမှ တပ်ဖွဲ့များအနက် တပ်ဖွဲ့ဝင်စုစုပေါင်း ၁၀၀၀ ကို မာလီနိုင်ငံ မြို့တော် ဘာမာကို တွင် တပ်ဖြန့်ချထားကြောင်း ဖာဘီယက်စ်က ဆက်လက်ပြောကြားခဲ့သည်။ အနောက်အာဖရိကနိုင်ငံများဆိုင်ရာ စီးပွားရေးအဖွဲ့ (အီကိုဝပ်စ်)၏ ဦးဆောင်မှုအောက်ရှိ ဘီနင်၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယားနှင့်တိုဂိုနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များကိုလည်း မာလီနိုင်ငံသို့ ဖြန့်ကြက်ချထားခဲ့ပြီးဖြစ်သည်။ အာဖရိကတပ်ဖွဲ့ကို မျှော်လင့်သည်ထက်ပိုစောပြီး ဖြန့်ကြက်ချထားခြင်းဖြစ်ကြောင်း ဖာဘီယက်စ်က ဆက်လက်ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ကမ္ဘာ့အပြင်ဘက်၌ သတ္တုရှာဖွေမည်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာမိုနီကာရှိ ဒီ(ပ်) အာကာသစူးစမ်းလေ့လာရေးကုမ္ပဏီက ကမ္ဘာမြေအနီး ဂြိုဟ်သိမ်ဂြိုဟ်မွှားများတွင် ဓာတ်သတ္တုတူးဖော်ရှာဖွေသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာသည်။

အဆိုပါကုမ္ပဏီက ပထမအဆင့်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် လူမပါသော အာကာသယာဉ်များ စေလွှတ်ခဲ့ပြီး နောက်တစ်ဆင့်အဖြစ် အာကာသယာဉ်ကြီးများ စေလွှတ်ကာ ဂြိုဟ်များမှ မြေသားနမူနာများစုဆောင်းပြီး ကမ္ဘာမြေတွင် လေးနှစ်ကြာ သုတေသနပြုလုပ်သွားမည်ဟု ဆိုသည်။ ဂြိုဟ်သိမ်များအတွင်း ရှားပါးသတ္တုများရှိနိုင်ကြောင်း ပညာရှင်တို့က ခန့်မှန်းထားသည်။

မြောက်ကိုရီးယား တတိယအကြိမ် နျူကလီးယားစမ်းမည်

မြောက်ကိုရီးယားနိုင်ငံသည် တတိယအကြိမ်မြောက် နျူကလီးယားစမ်းသပ်ရန် ပြင်ဆင်နေကြောင်း ဇန်နဝါရီ ၂၄ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။ ၎င်း၏ အဓိကရန်သူ အမေရိကန်ကို ရည်ရွယ်ပြီး အဆင့်မြင့်နျူကလီးယား စမ်းသပ်မှုနှင့် တာဝေးပစ်ဒုံးပျံပစ်လွှတ်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားထိပ်တန်းစစ်ဘက်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကေစီအင်န်အေသတင်း အေဂျင်စီက ကိုးကားရေးသားသည်။ ယင်းစမ်းသပ်မှုများအတွက် အချိန်အတိအကျမပေးနိုင်ကြောင်း ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၆ နှင့် ၂၀၀၉ ခုနှစ်များကလည်း နျူကလီးယားစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယား၏ မကြာမီက ဒုံးပျံပစ်လွှတ်ခဲ့ခြင်းအပေါ် အရေးယူရန် ဆုံးဖြတ်ပြီး နှစ်ရက်အကြာတွင် ယခုနျူကလီးယားစမ်းသပ်မည့် အစီအစဉ်ထွက်ပေါ်လာခြင်း ဖြစ်သည်။

မြင့်မောင်စိုး – ရေးသည်

အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်များ စစ်မျက်နှာ ရှေ့တန်းသို့ ရောက်လာနိုင်

အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာသည် ရှေ့တန်းစစ်မြေပြင်တွင် အမျိုးသမီးစစ်သည်များ တာဝန်ထမ်းဆောင်ခြင်း ပိတ်ပင်ထားမှုကို ရုပ်သိမ်းရန် ဆုံးဖြတ်လိုက်ကြောင်း ပင်တဂွန်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။ ယင်းဆုံးဖြတ်ချက်ကြောင့် ရာထောင်ချီသော အမျိုးသမီးတိုက်ခိုက်ရေးစစ်သည်များ ရှေ့တန်းစစ်မျက်နှာများသို့ ရောက်ရှိလာနိုင်သည်ဟု ဆိုသည်။ ၁၉၉၄ ခုနှစ်က အမေရိကန်အမျိုးသမီးများ ရှေ့တန်းစစ်မျက်နှာပြင်တွင် တာဝန်ထမ်းဆောင်ခြင်းကို ပိတ်ပင်တားမြစ်ခဲ့သည်။ အီရတ်နှင့် အာဖဂန်စစ်ပွဲများအတွင်း အမေရိကန်အမျိုးသမီးတပ်ဖွဲ့ဝင်များသည် ဆေးဝန်ထမ်းအဖြစ် ပါဝင်ခဲ့ကြသည်။

ကင်ညာတွင် နည်းပညာမြို့ စတင်တည်ဆောက်ပြီ

ကင်ညာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံ အကုန်အကျခံပြီး နည်းပညာမြို့ကြီး တည်ဆောက်ရန် စီမံကိန်းလုပ်ငန်းကို ကင်ညာသမ္မတက စတင်ဖွင့်လှစ်လိုက်ကြောင်း ဇန်နဝါရီ ၂၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ကွန်ဇာနည်းပညာမြို့ဟု အမည်ပေးထားသော အဆိုပါ မြို့သည် မြို့တော်နိုင်ရိုဘီမှ ၃၇ မိုင်အကွာ၌ တည်ရှိပြီး နှစ်ပေါင်း ၂၀ ကြာအောင်အချိန်ယူ တည်ဆောက်ရမည်ရဟု ဆိုသည်။ အကျယ်အဝန်းအားဖြင့် ဧက ၅၀၀၀ ရှိပြီး နိုင်ရိုဘီမြို့ အရှေ့တောင်ဘက်မွမ်ဘာဆာဆိပ်ကမ်းသို့ သွားရာလမ်းဘေးတွင် တည်ရှိသည်။

အဆိုပါ နည်းပညာမြို့တော်ကြီး တည်ဆောက်လိုက်သဖြင့် ၂၀၁၅ ခုနှစ်တွင်အိုင်တီအလုပ်အကိုင် ၂၀၀၀၀ နှင့် ၂၀၃၀ ၌ အိုင်တီအလုပ်အကိုင် ၂၀၀၀၀၀ ဖန်တီးပေးနိုင်မည်ဟု ဆိုသည်။

နိုင်ငံတကာသတင်း

မာလီစစ်သွေးကြွသူပုန်များချေမှုန်းရေး ပြင်သစ်လေကြောင်းစစ်ဆင်မှု

တိုး – ရေးသည်

မာလီနိုင်ငံသည် ၁၉၆၀ပြည့်နှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရပြီးကတည်းက ယခုလောက်ဆိုးရွားသည့် နိုင်ငံရေး အကျပ်အတည်းမျိုးနှင့်တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဖူးပေ။ သူပုန်တို့၏ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ရသဖြင့် မာလီအစိုးရက အကူအညီများတောင်းလာသောအခါ ပြင်သစ်တပ်ဖွဲ့များကို မာလီနိုင်ငံ၌ ဖြန့်ကြက်ထားရသည်။ သူပုန်များကိုကောင်းစွာ မနှိမ်နင်းနိုင်ဟုဆိုကာ စစ်တပ်က အာဏာသိမ်းပြီး တစ်လအကြာ ၂၀၁၂ ခုနှစ် ဧပြီလတွင် အယ်လ်ခိုင် ဒါအကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသည့် အုပ်စုအပါအဝင် သူပုန်တို့က နိုင်ငံမြောက်ပိုင်းဒေသကို ထိန်းချုပ်လိုက်သည်။

စစ်တပ် အာရုံထွေပြားစဉ် သူပုန်တို့က တောင်ပိုင်းသို့ အမြန်ချီတက်လာသည်။ အနောက် အာဖရိကဒေသအဖွဲ့ဖြစ်သည့် အီကိုဝပ်၏ စေ့စပ်ပေးမှုဖြင့် လွှတ်တော်ဥက္ကဋ္ဌ ဒိုင်အွန်ကောင်ဒါထရာအိုးကိုယာယီသမ္မတအဖြစ် ခန့်အပ်ကာ အရပ်သားအစိုးရပြန်ဖွဲ့နိုင်သော်လည်း မာလီနိုင်ငံရေးမှာ မရေမရာဖြစ်နေသည်။

မာလီအကျပ်အတည်းကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှတစ်ဆင့် ဖြေရှင်းနိုင်လိမ့်မည်ဟု အနောက်အာဖရိကခေါင်းဆောင်များက မျှော်လင့်နေသော်လည်း အရေးအကြောင်းဆိုလျှင် မာလီမြောက်ပိုင်းမှ အစ္စလာမ့်စစ်သွေးကြွများကို တိုက်ထုတ်ရန် စစ်ရေးအရ အရေးယူရန်အတွက် ပြင်ဆင်ထားသည်။ အနောက်အာဖရိက နိုင်ငံများ၏ ဘုံဈေးအဖွဲ့(အီကိုဝပ်)က မာလီနိုင်ငံသို့ တပ်ဖွဲ့ဝင် ၃၃၀၀ စေလွှတ်လိုသည်။ ဒေသတွင်းစစ်ဆင်ရေးများတွင် ယခင်က တပ်ဖွဲ့ဝင်အများအပြားစေလွှတ်သည့် နိုင်ဂျီးရီးယားနိုင်ငံက ယခုအခါ စိတ်အားမထက်သန်လှ။ ဤအရေးသည် အချုပ်အခြာအာဏာပိုင်စိုးရေးကိစ္စဖြစ်ပြီး ကိုယ့်ပြဿနာကိုကိုယ်ကိုယ်တိုင် ဖြေရှင်းရန်အားပေးမည်ဟု နိုင်ဂျီးရီးယားနိုင်ငံက ဆိုသည်။ ရေနံကြွယ်ဝသည့် နိုင်ဂျီးရီးယားသည် အီကိုဝပ်၏ နှစ်လည်ဘတ်ဂျက်အသုံးစရိတ်တွင် သုံးပုံနှစ်ပုံအထိ ထည့်ဝင်သည့်နိုင်ငံဖြစ်သည်။

အီကိုဝပ်အဖွဲ့ဝင် ၁၅ နိုင်ငံရှိသည့်အနက် ၁၃ နိုင်ငံက တပ်ဖွဲ့ဝင်များစေလွှတ်မည်ဟု ပြောသော်လည်း တပ်ဖွဲ့ဝင်ဦးရေ မည်ရွေ့မည်မျှ စေလွှတ်မည်ဆိုခြင်းမှာ ယခုအထိ အသေအချာမသိရသေးဟု အီကိုဝပ်အရာရှိများက ပြောကြားသည်။

မာလီအကျပ်အတည်း ဖြေရှင်းရန် အစိုးရနှင့် သူပုန်တို့ စေ့စပ်ညှိနှိုင်းယူပြီး ရက်ပိုင်းအတွင်းမှာပင် တိုက်ပွဲများဖြစ်လာပြန်သည်။ နိုင်ငံအလယ်ပိုင်းကွန်နာမြို့ကိုသိမ်းပြီး ဘာမာကိုမြို့တော်အပါအဝင် နိုင်ငံတောင်ပိုင်းကိုပါ သူပုန်တို့က သိမ်းရန် ခြိမ်းခြောက်လာသည့်အတွက် ချီတက်လာသောသူပုန်တို့ကို တိုက်ခိုက်နေရသည့် မာလီအစိုးရတပ်များကိုကူရန် ဝင်ရောက်တိုက်ခိုက်ရကြောင်း ပြင်သစ်နိုင်ငံက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် အတည်ပြုကြေညာသည်။

မာလီနိုင်ငံ၏ အိမ်နီးချင်း အယ်လ်ဂျီးရီးယားနိုင်ငံမှ မာလီနိုင်ငံတွင် လေကြောင်း စစ်ဆင်ရေးအတွက် လေကြောင်း ဖြတ်ကျော်ပျံသန်းခွင့်ရရှိကြောင်း ပြင်သစ်က ကြေညာလိုက်သည်။ တစ်ချိန်တည်းမှာပင် မာလီအကျပ်အတည်းအခြေအနေကို ဆွေးနွေးရန် ပြင်သစ်နိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် မာလီနိုင်ငံမြောက်ဘက်ကပ်လျက်ရှိပြီး နယ်နိမိတ်ချင်း ကီလိုမီတာ ၁၄၀၀ ဆက်စပ်လျက်ရှိသည့်အတွက် မာလီအရေးကို စစ်ရေးဖြင့်ဖြေရှင်းမည်ကို အမှန်တကယ် မလိုလားပေ။ သို့သော် ယခုအခါ ပြင်သစ်စစ်လေယာဉ်များ ဖြတ်ကျော်ပျံသန်းခွင့်ပြုရန် သဘောတူလိုက်ပြီဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ပြင်သစ်နိုင်ငံက အခြေအနေကို တင်ပြမည်ဖြစ်ပြီး မည်သို့ဆက်လက်ဆောင်ရွက်မည်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့အကြား အမြင်ချင်းဖလှယ်ရန်ဖြစ်သည်။

ပြင်သစ်စစ်တပ်က လေကြောင်းမှ တိုက်ခိုက်ပြီးနောက် သူပုန်တို့ဘက်မှ ကွန်နာမြို့ကို ပြန်လည်သိမ်းလိုက်နိုင်ပြီဖြစ်ကြောင်း မာလီအစိုးရစစ်တပ်က ကြေညာသည်။ အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် အုပ်စုအပါအဝင် သူပုန်တို့က မာလီနိုင်ငံမြောက်ပိုင်းကို ဧပြီလက ထိန်းချုပ်ထားခဲ့ခြင်းဖြစ်သည်။ အစ္စလာမ့်ဝါဒီများက ဒေသတွင်းဝါဒသွတ်သွင်းရန် ကြိုးပမ်းရာ၌ ဒေသတွင်းအစိုးရများနှင့် အနောက်အုပ်စုအစိုးရများက အစွန်းရောက်ဝါဒီများနှင့် အုပ်စုဖွဲ့ရာဇဝတ်မှုကျူးလွန်သည့် လုံခြုံရေးခြိမ်းခြောက်မှုများနှင့်စပ်လျဉ်းပြီး စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

မာလီ၌ ပြင်သစ်က စစ်ရေးအရ ဝင်ရောက်ရမှုနှင့်စပ်လျဉ်း၍ ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်က ပြောကြားရာတွင် အစွန်းရောက်ဝါဒီများသည် မာလီ နိုင်ငံကို အကြမ်းဖက်နိုင်ငံအဖြစ် ပြောင်းလဲရန် ကြိုးပမ်းနေကြောင်း ထည့်သွင်းပြောကြားသည်။ ယင်းသို့ပြင်သစ်က ဝင်ရောက်ပါဝင်ခြင်းရမှာ နိုင်ငံတကာဥပဒေနှင့်အညီဖြစ်ပြီး မာလီ ယာယီသမ္မတ ထရာအိုး၏ သဘောတူညီချက်အရ ဆောင်ရွက်ခြင်းဖြစ်ရာ လိုအပ်သလို အချိန်ကြာမြင့်မည်ဟုလည်း ၎င်းကပြောကြားသည်။

မာလီသမ္မတ ထရာအိုးကလည်း မာလီနိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကို ကြေညာလိုက်သည်။ မာလီပြည်သူများ စည်းလုံးညီညွတ်ကြရန် ပန်ကြားလိုက်ပြီး နိုင်ငံပိုင်နက်နယ်မြေတစ်လက်မမကျန် ရန်သူ့လက်မရောက်ရေး တိုက်တွန်းလိုက်သည်။ မိမိတို့သည် ငြိမ်းချမ်းရေးကိုမြတ်နိုးကြောင်း၊ သို့သော် ရန်သူက မိမိတို့ကို လက်နက်ကိုင်တိုက်ခိုက်အောင် တွန်းပို့လာသဖြင့် ရန်သူများကို အပြီးတိုင်အောင် မိမိတို့ချေမှုန်းသွားမည်ဟုလည်း ထည့်သွင်းပြောကြားသည်။

မာလီနိုင်ငံအတွင်း ပြင်သစ်စစ်ဆင်ရေးကို ထောက်ခံကြောင်း ဗြိတိန်အစိုးရက ထုတ်ဖော်ကြေညာသည်။ အမေရိကန်အစိုးရကလည်း ပြင်သစ်တပ်များအား ထောက်လှမ်းရေး သတင်းအချက်အလက်နှင့်ထောက်ပို့ပစ္စည်းများပေးရန် စဉ်းစားနေကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ မာလီအစိုးရတပ်များက နိုင်ငံပိုင်နက်နယ်မြေတည်တံ့ရေးအတွက် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် မာလီသို့ တပ်များဖြန့်ကြက်ရန် ခွင့်ပြုပေးလိုက်ပြီဟု အီကိုဝပ်အဖွဲ့က ကြေညာသည်။

နိုင်ငံရေးအရ ဖြေရှင်းမရလျှင် မာလီသို့ အာဖရိကတပ်ဖွဲ့ဝင် ၃၀၀၀ ခန့် စေလွှတ်ရေးအစီအစဉ်ကို ကုလသမဂ္ဂအဖွဲ့က အတည်ပြုထားပြီးဖြစ်သည်ဟု သိရသည်။

ဗြိတိန်နိုင်ငံကလည်း အာဖရိကဒေသအတွင်း ကြီးထွားလာသည့် အကြမ်းဖက်ဝါဒအတွက် မာလီအရေးတွင် ဝင်ရောက်ဖို့ရန် အရိပ်လက္ခဏာများ ရှိနေပါသည်။

ဆင်းရဲသောကလေးငယ်များ အဝလွန်မှုဖြစ်နိုင်ခြေများ

ဆင်းရဲချို့တဲ့သော အသိုက်အမြုံမှ ကလေးငယ်များသည် ပိုမိုပြီး အဝလွန်နိုင်ခြေများသည်ဟု ဗြိတိန်နိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲတစ်ဦးက ဆိုသည်။

ချို့တဲ့ရှာသော မိသားစုများတွင် အစားအစာအညံ့စားများကို အလျှံပယ် စားသုံးရခြင်းကြောင့် ထိုကလေးများအတွက် အဝလွန်မှုဖြစ်နိုင်ခြေများရကြောင်း ကွန်ဆာဗေးတစ်ပါတီဝင်ပါလီမန်အမတ်တစ်ဦးလည်းဖြစ်သူ ကျန်းမာရေးဌာနမှ အကြီးအကဲ အန်နာဆော့ဘရီက ပြောကြားသည်။

ကုန်လွန်ခဲ့သည့်နှစ် ၅၀ အတွင်း ပိန်ညှပ်ညှပ်အကောင်သေးသော ကလေးများကို ဆင်းရဲသားအသိုက်အဝန်းမှ လာသူများအဖြစ် ထင်မြင်ပြ သရော်ခြင်းသည် လက်ရှိအခြေအနေအရ ပြောင်းပြန်ဖြစ်ခဲ့ရပြီဖြစ်ကြောင်း၊ တွေ့ရှိသုတေသနပြုချက်အရ လမ်းသွားလမ်းလာများ၏ ကိုယ်ခန္ဓာအချိုးအစားကို ကြည့်ခြင်းဖြင့် ထိုသူများ၏ ပုဂ္ဂလိကဘဝအခြေအနေကိုပင် ခန့်မှန်းပြောဆိုနိုင်ကြောင်း အန်နာက ဆိုသည်။

အစိုးရ၏မူဝါဒများသည်လည်း ချို့တဲ့ကြရှာသော ကလေးငယ်များအတွက် ပိုမိုဆိုးရွားစေလျက်ရှိသည်ဟု တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။ စားသောက်ကုန်ထုတ်လုပ်မှုများ ဥပဒေနှင့်အညီဖြစ်ရေးမှာ အစိုးရအတွက် တပ်လှန့်အနေအထားတွင်ရှိနေသည်။ ထုတ်လုပ်လိုက်သည့် အစားအစာများတွင် အမျှင်ဓာတ်၊ သကြားနှင့် ဆားပါဝင်နှုန်းများကို လျှော့ချဖြတ်တောက်ရန် ဥပဒေနှင့်အညီဖြစ်စေရေး လုံးပမ်းနေရသည်။ ကယ်လိုရီပါဝင်နှုန်းကိုလည်း ကုမ္ပဏီများသည် ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် လျှော့ချကြပါရန် တိုက်တွန်းနှိုးဆော်နေရသည်။

အောက်ခြေအဆင့် လူတန်းစားများသည် အာဟာရဓာတ်လုံလောက်စွာ မရရှိကြဟု စိတ်မကောင်းဖွယ်ရာဖြစ်ခဲ့သော်လည်း လက်ရှိအချိန်တွင် ထိုလူတန်းစားများမှာ ညံ့ဖျင်းသည့်အစားအစာများကို ဖောသီစွာစားသုံးနေကြရရှာသည်။ ကျန်းမာရေးဌာန၏ စစ်တမ်းများအရ ဆင်းရဲသော ကလေးငယ်များသည် ချမ်းသာသူလေးများထက် အဝလွန်နိုင်ခြေနှစ်ဆပိုများသည်ဟု ဆိုသည်။

မောင်သံဆင့် -ရေးသည်

ဈေးကွက်နှင့်စီးပွားရေးသတင်း

ပန်းဂေါ်ဖီများထွက်ရှိသော်လည်း ဈေးကောင်းမရ

ဗန်းမော်မြို့ ဟင်းသီးဟင်းရွက်ဈေးကွက်တွင် ပန်းဂေါ်ဖီများ ထွက်ရှိပေါများသော်လည်း ဈေးကောင်းမရ၍ စိုက်ပျိုးသူတောင်သူများ တွက်ချေမကိုက်ကြောင်း သိရသည်။

"ယမန်နှစ်က သီတင်းကျွတ်လဆန်းမှာ စိုက်ပျိုးပြီး တန်ဆောင်မုန်းလမှာ ရောင်းရသဖြင့် ပန်းဂေါ်ဖီကြီး တစ်ပွင့်-ငွေကျပ် ၅၀၀၊ ပွင့်သေးတစ်ပွင့် ငွေကျပ် ၂၅၀ ရတယ်၊ ယခုနှစ် သီတင်းကျွတ်လဆန်းမှာ စိုက်ခဲ့တယ်။ ဧရာဝတီမြစ်ရေ နစ်မြုပ်လို့ တန်ဆောင်မုန်းလမှာ ပြန်စိုက်တဲ့အခါ တစ်ပြိုင်တည်းစိုက်တဲ့သူတွေ များလာပြီး စိုက်အတူတူထွက်ရှိတော့လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ကြလို့ ဈေးကောင်းမရသလို ရောင်းတဲ့ဈေးကွက်လည်းနည်းတော့ စိုက်ပျိုးသူအားလုံးရှုံးကြတယ်"ဟု တပ်ကလေးရပ်မှ စိုက်ပျိုးရောင်းချသူ တစ်ဦးက ပြောပြသည်။

ယခုအခါ ပန်းဂေါ်ဖီတစ်ပွင့် ငွေကျပ် ၁၀၀၊ ၁၅၀ ဈေးနှုန်းရှိ၏။ ဒေသထွက်ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၁၅၀၊ ၂၀၀၊ စားတော်ပဲစို တစ်ဘူး ငွေကျပ် ၂၅၀မှ ၁၅၀၊ မြေထောက်ပဲစိုတစ်ဘူး ငွေကျပ် ၂၀၀မှ ၁၀၀၊ အာလူးတစ်ပိဿာ ငွေကျပ် ၁၀၀၀ မှ ၅၀၀ နှင့်ဂေါ်ဖီထုပ်တစ်ထုပ် ငွေကျပ် ၂၅၀ မှ ၁၀၀ ဈေးနှုန်းများ လျော့ကြသဖြင့် ပြည်သူများဝယ်ယူစားသုံးမှု အဆင်ပြေကြောင်း သိရှိရသည်။

ဆီမီးခုံ-နန်းရီ

စစ်တွေတွင် စက်သုံးဆီများ ဈေးငြိမ်နေရာမှ ဈေးပြန်ကျလာ

စစ်တွေမြို့တွင် ဒီဇယ်ဆီ၊ ဓာတ်ဆီများသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ တတိယပတ်မှစ၍ ဈေးကျလာပြီး ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ဈေးငြိမ်သွားသည်။ ဈေးငြိမ်နေရာမှ အတက်ဘက်ကိုမပြခဲ့ဘဲ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ဈေးပြန်ကျလာကြောင်း တွေ့ရသည်။ ရွှေရိုးမစက်သုံးဆီရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောပြရာတွင် "စက်သုံးဆီတွေက တစ်ဆိုင်နဲ့တစ်ဆိုင် အများအားဖြင့် ဈေးတူကြပါတယ်။ မပြောစလောက်လေးတွေတော့ကွာမှာပါ။ ဒါကလည်း ချိန်တွယ်မှုနဲ့ဆိုင်ပါတယ်။ ဘယ်ဆိုင်ဘယ်လိုရောင်းတယ်ဆိုတာ ဝယ်တဲ့သူတွေသိပါတယ်"ဟု ဇန်နဝါရီ ၁၅ ရက်က ပြောပြသည်။

ဇန်နဝါရီ ၁၆ ရက် ဆိုင်ဖွင့်ချိန်မှစ၍ ယခုလက်ရှိရောင်းနေကြသော စစ်တွေမြို့၏ စက်သုံးဆီဈေးနှုန်းကို ဒီဇင်ဘာလအတွင်း ဈေးနှုန်းနှင့်နှိုင်းယှဉ်ဖော်ပြပါသည်။

အမျိုးအစား	လီတာ	ဒီဇင်ဘာ တတိယပတ်ဈေး	ဒီဇင်ဘာ နောက်ဆုံးပတ်ဈေး	ယခုလက်ရှိဈေး
၁။ ဓာတ်ဆီ(အဖြူ)	တစ်လီတာ	၁၂၀၀ ကျပ်	၁၂၀၀ ကျပ်	၁၀၀၀ ကျပ်
၂။ အောက်တိန်း	တစ်လီတာ	၁၀၀၀ ကျပ်	၁၀၀၀ ကျပ်	၁၀၀၀ ကျပ်
၃။ ဒီဇယ်	တစ်လီတာ	၉၂၅ ကျပ်	၉၂၅ ကျပ်	၈၃၀ ကျပ်

"အောက်တိန်းဈေးကတော့ ငြိမ်နေတုန်းပါ။ ဘယ်အချိန်ကျမယ်ဆိုတာ မခန့်မှန်းရဲပါဘူး။ တခြားဆီတွေကတော့ ကျလာပါပြီ။ ကျွန်တော်တို့ဆိုင်ကတော့ တစ်လီတာကို ၄ ဒသမ ၅ ဆင့် အချိုးနဲ့ညီအောင် သေသေချာချာချိန်တွယ်ပြီးမှ ရောင်းနေပါတယ်" ဟု ကျော်စံစက်သုံးဆီရောင်းဝယ်ရေးမှ မန်နေဂျာက ဇန်နဝါရီ ၁၆ ရက်တွင် ပြောပြသည်။

စစ်တွေမြို့မှ သုံးဘီးဆိုင်ကယ် တက္ကစီမောင်းနေသော ကိုကျော်ခိုင်က ပြောပြရာတွင် "ဆီဈေးတွေကျလာတော့ ကျွန်တော်တို့အတွက်ကောင်းတာပေါ့ဗျာ။ များများဝယ်လေ များများကိုက်လေပေါ့။ ဒါပေမယ့် စစ်တွေမှာက စက်သုံးဆီရောင်းတဲ့ဆိုင်တွေမှာ ဈေးနည်းနည်းကွာတာ တွေ့ရပါတယ်။ သူတို့ကတော့ တစ်လီတာပြည့်တယ်လို့ ပြောကြတာပေါ့။ ကျွန်တော်တို့ဘက်က ပြောရရင်တော့ အချိန်အတွယ်မှန်၊ ဈေးနှုန်းမှန်ဖြစ်စေချင်ပါတယ်"ဟု သူ့အတွေ့အကြုံကို ပြောပြသည်။

လေးဝတီ-ထွန်းစောခိုင်

အတုယူဖွယ်ရာ OISCA သင်တန်းကျောင်းမှ အော်ဂဲနစ်စိုက်ပျိုးရေး

ရေစကြို ဇန်နဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် OISCA လယ်ယာသစ်တောစိုက်ပျိုးရေးသင်တန်းကျောင်းမှ နှစ်စဉ်သင်တန်းသား သင်တန်းသူများ ခေါ်ယူ၍ အော်ဂဲနစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်မျှတသော မုန့်မျိုးစုံပြုလုပ်နည်း အပါအဝင် ဘာသာရပ်ကိုးမျိုးကို စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးလျက်ရှိသော ကျောင်းတစ်ကျောင်းဖြစ်သည်။

ယခုအခါ သင်တန်းသား သင်တန်းသူများကိုယ်တိုင် အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဖြင့် လက်တွေ့စိုက်ပျိုးထားသော စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်မက သင်တန်းသူ မစန်းသူနွယ်ပါ။ ကျွန်မ စိုက်ပျိုးတာက ခါကြက်ဥ(ခေါ်) မုန်လာဥနီဖြစ်ပါတယ်။ ပထမ မြေသားပေါင်ပြင်ရပါတယ်။ မြေပြင်တဲ့အခါ သဘာဝမြေဆွေးနဲ့ ဘိုကာရှိသဘာဝမြေဩဇာနဲ့ သမအောင် ပြင်ဆင်ရပါတယ်။ ပြီးတော့ ခါကြက်ဥစေ့ကို တစ်တန်းနှင့်တစ်တန်း လေးလက်မလောက်ခြားပြီး အစေ့ကို တိုက်ရိုက်ချစိုက်ပျိုးပါတယ်။ အပင်ပေါက်တွေ လေးလက်မလောက် အရွယ်ရောက်လာတဲ့အခါ တစ်ပင်နှင့်တစ်ပင် နှစ်လက်မခန့်ခြားပြီးတော့ အလယ်ကအပင်တွေကို နုတ်ပစ်ရပါတယ်။ ရေကိုတော့ နေ့စဉ်လောင်းပေးရပါတယ်။ နိုဝင်ဘာလကုန်က စိုက်ခဲ့တာ ယခု ဥနေပါပြီ။ နှစ်လခွဲသားဆိုရင် တူးဖော်ပြီး ရောင်းလို့ရပါပြီ"ဟု ရှင်းပြပါသည်။

၎င်းနေရာတွင် ကျွန်တော်တို့သိထားသည်မှာ ခါကြက်ဥကို အအေးပိုင်း ရှမ်းပြည်နယ်တွင်သာ စိုက်ပျိုးအောင်မြင်သည်ဟု ထင်ခဲ့ပါသည်။ ယခုမူ OISCA သင်တန်းကျောင်းတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

နောက်တစ်ဦး၏ စိုက်ခင်းမှာ ဆလိုင်းစံကြိုင်(ချင်းလူမျိုး)၏ ဆလတ်စိုက်ခင်းဖြစ်သည်။ "ကျွန်တော်က ဆလတ်စိုက်ပါတယ်။ ပထမမြေပြင် ပေါင်တင်ရပါတယ်။ ဆလတ်မျိုးစေ့ကို သီးသန့်ပျိုးပြီး ပျိုးသက် ၂၀ ရက်သားမှာ ပင်ကြားတန်းကြား လေးလက်မခြားပြီး ပြင်ထားတဲ့ပေါင်မှာစိုက်ပါတယ်။ တစ်လခွဲသားဆို ရောင်းလို့ရပါပြီ"ဟု ပြောပြသည်။

အဆိုပါသင်တန်းသား သင်တန်းသူများ၏ လက်တွေ့စိုက်ခင်းတွင် ပန်းမုန်လာ၊ မုန်လာထုပ်၊ ဆလတ်၊ မုန်ညင်း၊ ခါကြက်ဥ၊ ကိုက်လန်၊ ကြက်သွန်နီ စသည်တို့ကို စိုက်ပျိုးထားသည်။

သင်တန်းဆရာမ ဒေါ်နီနီစိုးက "အခုသင်တန်းသား သင်တန်းသူများ ကိုယ်တိုင် အော်ဂဲနစ်စစ်စစ် စိုက်ပျိုးထားတာဖြစ်ပါတယ်။ ရေရှည်မှာ စားသုံးသူ အများပြည်သူများရဲ့ ကျန်းမာရေးနဲ့ ကြွံခိုင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ချက်နဲ့ သင်ကြားပေးနေတာဖြစ်ပါတယ်။ မြေဩဇာက ဘိုကာရှိကိုအသုံးပြုပါတယ်။ ပိုးသတ်ဆေးက ကြက်သွန်ဖြူနဲ့ ငရုတ်သီးတို့မှ ထုတ်လုပ်တဲ့ အင်ဇိုင်းရည်ကို အသုံးပြုပါတယ်။ အပင်အားဆေးကိုတော့ ဖရဲသီး၊ သစ်တော်သီး၊ ပန်းသီးတို့မှ ထုတ်လုပ်ပါတယ်"ဟု ရှင်းလင်းပြောပြသည်။

ကျွန်ုပ်တို့အားလုံး အသက်ရှင်သန်ရေးအတွက် နေ့စဉ် အစာအာဟာရကို မှီဝဲစားသုံးကြရသည်။ ယခုအခါ ဓာတုပစ္စည်းများဖြင့် အသုံးပြုစိုက်ပျိုးသော အသီးအရွက်တို့ကို စားသုံးလာခဲ့ကြသည်မှာ နှစ်များစွာကြာခဲ့ပြီး ဓာတ်ကြွင်းများက ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါများ ခံစားနေကြရသည်။

သို့အတွက် အစာလည်းဆေး ဆေးလည်းအစာ ဆိုသကဲ့သို့ ကျန်းမာရေးကို အထောက်အကူပြုသော ဓာတုလွတ် အသီးအရွက်များကို စားသုံးမှသာ ကျန်းမာရေးနှင့်ညီညွတ်ပြီး ကျန်းမာကြွံခိုင်သော သူများဖြစ်လာပေမည်။ ကျန်းမာရေး ကောင်းမွန်မှသာ မိမိအကျိုး၊ မိမိမိသားစုအကျိုး၊ မိမိရပ်ရွာဒေသအကျိုးမှသည် နိုင်ငံအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည်ဖြစ်ရာ စိုက်ပျိုးသမျှ သီးနှံအားလုံးကို ဓာတုပစ္စည်းများ အသုံးမပြုကြဘဲ သဘာဝပစ္စည်းများကိုသာ အသုံးပြုစိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားအပ်ပါသည်။

ဖေထွဏ်းဇော်-ရေစကြို

ကြက်သွန်နီအဝင်များသဖြင့် ဈေးနှုန်းကျ

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၁၃ ခုနှစ် ဇန်နဝါရီ တတိယပတ်တွင်း ကြက်သွန်နီကားစီးရေ ၃၀၀ ပိဿာချိန် ၁၈ သိန်းကျော် ဒိုင်ဖွင့်ရက်ခြောက်ရက်တွင် ဝင်ရောက်မှုနှင့်အတူ ကြက်သွန်နီဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ယခင် ဈေးနှုန်းထက် ကျပ် ၄၀၀ ဝန်းကျင် ဈေးကျလာကြောင်း ကြက်သွန်နီဈေးကွက်မှ သိရသည်။

ပုံမှန် ကြက်သွန်နီဈေးကွက်သို့ နေ့စဉ် ပျမ်းမျှပိဿာချိန် နှစ်သိန်းခန့်သာ ဝင်ရောက်ရာမှ ယခုပတ်တွင် ပိဿာသုံးသိန်း ပျမ်းမျှနေ့စဉ် ဝင်ရောက်ရာ ဝယ်လိုအားထက် ဈေးကွက်သို့ ကြက်သွန်ဝင်ရောက်မှုပမာဏ များပြားသဖြင့် ယခုကဲ့သို့ ဈေးကျလာရာ ဇန်နဝါရီ ၁၉ ရက်တွင် မြင်းခြံအမျိုးအစား ကျပ်၂၇၅-၃၅၀-၄၀၀ နှုန်း၊ ဆိပ်ဖြူအမျိုးအစား ကျပ်၂၅၀-၃၅၀-၄၀၀ နှုန်း၊ မြစ်သားအမျိုးအစား ကျပ် ၅၅၀- ၆၅၀-၇၀၀နှုန်းသာရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၉ ရက် ဒိုင်ဖွင့်ဈေးနှုန်းသည် နှစ်စဉ်ပုံမှန် ဇန်နဝါရီလတွင် ဖြစ်လေ့ဖြစ်ထရှိသောဈေးနှုန်း အနေအထားသို့ ရောက်ရှိပြီး ကြက်သွန်နီဈေးနှုန်း တစ်ပိဿာ ကျပ် ၁၈၀၀ ဝန်းကျင်ထိ အမြင့်ဆုံးဖြစ်သော ၂၀၁၂ ဒီဇင်ဘာလဆန်းမှ တစ်လကျော်အကြာတွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၄၀၀ ဈေးကျလာခြင်းသည် ဈေးကွက်အတွင်း ဖြစ်လေ့ဖြစ်ထရှိသော လုပ်ရပ်ဖြစ်သော်လည်း ဈေးနှုန်းအတက်အကျ ကြမ်းမှုကို စိုက်ပျိုးသူများ ခံစားနေရသည်ဟု သိရသည်။ နွေကြက်သွန်စိုက်ပျိုးသူများအနေဖြင့် မိုးကြက်သွန်စိုက်ပျိုးသူများကဲ့သို့ ဈေးကောင်းရရန် အခွင့်အလမ်းနည်းလာသည်ဟု ဆိုသည်။

ဇန်နဝါရီ ၁၉ ရက်က စားအုန်းဆီလက်ကားရောင်းဈေး တစ်ပိဿာလျှင် ၁၃၈၅ ကျပ်ရှိပြီး ဇန်နဝါရီ ၁၈ ရက် မလေးရှားစားအုန်းဆီဈေး တစ်တန်လျှင် FOB ၈၃၀ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၈၆၂ ကျပ်ဖြင့် တစ်ပိဿာ ဆိပ်ကမ်းရောင်းဈေးနှုန်း (အရင်းဈေး) ၁၃၉၉ ကျပ်ဖြစ်ရာ ပြည်တွင်းရောင်းဈေးနှုန်းသည် ပြည်ပအရင်းဈေးထက် နည်းနေသည်ဟု သိရသည်။

တစ်ပိဿာလျှင် ကျပ် ၈၀၀ မှ ၁၄၀၀ ကျပ်ထိ ဈေးမြင့်တက်ခဲ့သော ရှမ်းကြက်သွန်ဖြူ ဈေးနှုန်းမှာ ဝယ်လိုအားနည်းလာသဖြင့် နေ့စဉ်ဈေးကျလာရာ ဇန်နဝါရီ ၁၉ ရက်တွင် တစ်ပိဿာ ၆၇၅ ကျပ်မှ ၁၂၅၀ အတွင်းသို့ ဈေးကျလာကြောင်း သိရသည်။

ခင်ဆိုင်

နေပြည်တော် (အဝေးပြေး) ယာဉ်စီးခနှုန်းလျှော့ချပေးရန် မျှော်လင့်နေ

နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)က ယာဉ်စီးခနှုန်းကို တစ်မိုင်လျှင် ၂၄ ကျပ် သတ်မှတ်ထားရာ နေပြည်တော်-ရန်ကုန်လမ်းဟောင်းမှာ မိုင်၂၄၀ ရှိပြီး ရှောင်ရတိမ်းရနှင့် မောင်းနှင်ရ၍ ယာဉ်စီးခ (အာမခံကြေးပါ) တစ်ဦးလျှင် ကျပ် ၅၉၀၀ ဖြစ်ကြောင်း၊ ယခု နေပြည်တော်- ရန်ကုန်လမ်းသစ်မှာ လမ်းကောင်းပြီး မောင်းရသည်မှာလည်း ရှင်းသည့်အပြင် မိုင်အားဖြင့်လည်း ၂၀၂ မိုင်သာရှိခြင်းကြောင့် သတ်မှတ်နှုန်းနှင့်ဆိုလျှင် တစ်ဦးလျှင် ကျပ် ၅၀၀၀သာ ကျသင့်ကြောင်း။

ယခုအခါ နေပြည်တော်-ရန်ကုန် ယာဉ်စီးခနှုန်းသည် ကျပ် ၅၀၀၀၊ ၆၀၀၀၊ ၇၀၀၀ စသည့် အမျိုးမျိုးသော နှုန်းထားများဖြင့် ပြည်သူများ၊ ဝန်ထမ်းများထံမှ ယူနေကြရာ ယာဉ်ပေါ်တွင် လက်ဖက်ရည်၊ ကော်ဖီ၊ စနိုးတာဝါ၊ ရေသန့်ဘူး စသည့် ဝန်ဆောင်မှုများမလုပ်ဘဲ လမ်းခရီးတွင် လုံလုံခြုံခြုံ စိတ်ချလက်ချ သက်သောင့်သက်သာစီးနိုင်သည့်ကားမျိုး၊ လမ်းမှာ ခဏခဏပျက်သည့် ကြံ့ခိုင်မှုမရှိသော ကားမျိုး၊ ကြားခုံမပါသော ကားမျိုးနှင့် ပြည်သူများ၊ ဝန်ထမ်းများအတွက် ယာဉ်စီးခနှုန်းထားကို စာနာသောအားဖြင့် ထင်သာမြင်သာ လျှော့ချသွားနိုင်မည့် ယာဉ်လိုင်းမျိုးကိုလည်း ခရီးသွားများက မျှော်လင့်နေကြောင်း သိရသည်။

မောင်မောင်သန်း(ကော့မှူး)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
မမြဲရှိ

လွှတ်တော်ရေးရာကဏ္ဍ

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဌာနများ ၂/၂၀၁၃ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီဆောင်အမှတ် (၁၇) အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်း၊ အဆိုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ပေးနေသော်လည်း ယခုထက် ပိုမိုလျင်မြန်စွာ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အခက်အခဲရှိပါက ကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီမှဖွဲ့စည်းထားသည့်အဖွဲ့ (၇) မှ ၈ ကော်မတီဝင်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ကြယ်ပွင့်မပြ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

▲ *ပြည်သူ့လွှတ်တော်မှ*

တိုးတက်မှုစီမံကိန်းတွင် နိုင်ငံတကာ အကူအညီဖြင့် ဆောင်ရွက်ရန် ရေရရှိရေးလုပ်ငန်းပေါင်း (၃၆၀၇)ခု ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းဖြင့် အဆိုနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရေလိုအပ်ချက်များအပေါ် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် ရေလိုအပ်သော ကျေးရွာ (၅၂၁၁)ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းပေါင်း (၅၂၁၁)ခု ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ရေရှားပါးသော အပူပိုင်းဇုန်တိုင်းဒေသကြီး(၃)ခုတွင် ကျေးရွာ(၉၈၂)ရွာကိုလည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျေးရွာ(၄၂၂၉)ရွာကိုလည်းကောင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး လူဦးရေ(၂ ဒသမ ၇၉)သန်းကို အကျိုးပြုစေနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေလုံလောက်စွာ ရရှိစေရန် နိုင်ငံတော်ဘတ်ဂျက်ဖြင့် နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအကူအညီနှင့် အထောက်အပံ့များရရှိရေး ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့များကလည်း အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းများ ရှိပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့ပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေးသာမက သောက်သုံးရေရရှိရေးကိုလည်း အလျဉ်းသင့်သလို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ သောက်သုံးရေရရှိရေးကို အဓိကထား ဆောင်ရွက်ခြင်းမရှိတော့ဘဲ စိုက်ပျိုးရေရရှိရေးကိုသာ ဆောင်ရွက်ရသည့် အနေအထားရှိပါကြောင်း၊ တူးဖော်သည့် တွင်းများမှ စိုက်ပျိုးရေရရှိရေးကို အဓိကထား ဆောင်ရွက်နေရပါကြောင်း၊ တွင်းတူးသည့်စက်များကို ကြည့်မည်ဆိုပါက နယ်စပ်ရေးရာဝန်ကြီးဌာနရှိ တွင်းတူးစက်များသည် တွင်းတိမ် တူးစက်များဖြစ်ပြီး ပေ(၃၀၀) အနက်ခန့်အထိသာ တူးနိုင်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ စက်များမှာမူ ပေ(၁၀၀၀) အနက်အထိ တူးနိုင်သည့်စက်များဖြစ်ပါကြောင်း၊ အဆိုပါစက်များအားလုံးသည် မိမိတို့လက်ဝယ်တွင် ရှိသည့်အတွက် ယခုကဲ့သို့ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းဒေသများတွင် သောက်သုံးရေရရှိရေး အထူးလိုအပ်ချိန်၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တွင်းတူးခြင်းလုပ်ငန်းကို ၎င်းစက်များဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အဆိုရှင် ဦးအောင်သောင်းက ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် ဝမ်းသာစရာ၊ ကျေနပ်ဖွယ်ရာ ဖြစ်ပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်း သိရှိရသည့်အတွက် ကတိကဝတ်အဖြစ် မှတ်တမ်းတင်ထားရှိမည်ဆိုပါက ကျေနပ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ယနေ့ အဆိုတင်သွင်းခြင်းကဏ္ဍ အပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် အမှန်တကယ်လုပ်ရန် လိုအပ်သည့်ကိစ္စများအတွက် မိမိတို့လွှတ်တော်အပိုင်းက ဘတ်ဂျက်နှင့် ပတ်သက်၍ အထူးကန့်သတ်ရန် မရှိပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်၊ ပြည်ထောင်စုဝန်ကြီးဌာနများက အမှန်တကယ်လိုအပ်သည်များကိုတင်ပြမည်ဆိုလျှင် သက်ဆိုင်ရာ စီမံကိန်းကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင်က တင်ပြလာသည့်အခါ ယင်းကိစ္စမျိုးအတွက် မိမိတို့လွှတ်တော်အပိုင်းက မည်သည့်နည်းနှင့်မျှ ဖြတ်တောက်ခြင်းရှိမည်မဟုတ်ပါကြောင်း၊ လိုအပ်မည်ဆိုပါက ထပ်မံတင်နိုင်ပါကြောင်းကို မိမိအနေဖြင့် တင်ပြလိုပါကြောင်း၊ ထို့ကြောင့် သောက်သုံးရေ၊ စိုက်ပျိုးရေကိစ္စများအတွက် လာမည့်ကာလများတွင် ဦးစားပေးအဆင့်သတ်မှတ်၍ ထိုက်သင့်သည့်စီမံကိန်း၊ ဘတ်ဂျက်များ တောင်းခံရန်အတွက် ဝန်မလေးဘဲ ဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့ အဆိုတင်သွင်းမှုနှင့် ပတ်သက်၍ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက "ဒီအဆိုနဲ့ ပတ်သက်လို့ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေဖြစ်တဲ့ လယ်/ဆည်တို့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တို့ကို တာဝန်ပေးဆောင်ရွက်ရင် ရပါတယ်။ ဒီအတွက် အထူးအဖွဲ့ စေလွှတ်စုံစမ်းဖို့ မလိုအပ်သေးဘူးလို့ ထင်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်အစိုးရကနေ ဖြည့်ဆည်းဆောင်ရွက်ပေးရင်တော့ ပိုကောင်းပါတယ်"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အလားတူ "ရေနဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့ အညာဒေသမှာ ပြည်သူတွေ အများဆုံးတွေ့ရှိရတဲ့ အခက်အခဲပါ။ အညာဒေသဟာ ရေရှားပါးတဲ့ ဒေသတွေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ နှစ်စဉ် နှစ်တိုင်းလည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီတစ်ခါတော့ အဆိုတစ်ရပ်အနေနဲ့ အထူးအဖွဲ့တွေ စေလွှတ်စုံစမ်းပြီး ဆောင်ရွက်ပေးမယ့် အနေအထားဆိုတော့ နိုင်ငံတော်အဆင့်က တာဝန်ခံဆောင်ရွက်သင့်တယ်ဆိုတဲ့အတွက် တော်တော်ကောင်းပါတယ်။ ရေရှားပါးတဲ့အညာဒေသကပြည်သူတွေအတွက် ထိရောက်တဲ့အစီအမံတစ်ခုလို့ ရှုမြင်ပါတယ်"ဟု ချောင်းဦး မဲဆန္ဒနယ်မှ ဦးစောလှထွန်းကလည်း ပြောပြခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေးအဌမနေ့ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

◆ *အမျိုးသားလွှတ်တော်မှ*

ကချင်ပြည်နယ် ဒေသအချို့သည် ကျန်ရစ်နေခဲ့မည်ကို တွေ့မြင်နေရပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံး ခြုံကြည့်လျှင် ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာနေပါလျက် ကချင်ပြည်နယ်တွင် တံတားပျက်၊ လမ်းပျက်၊ ရွာပျက်ဖြစ်ကုန်ပြီး အဆိုးရွားဆုံးမှာ ပညာမသင်နိုင်၊ စီးပွားရေးမလုပ်နိုင်ခြင်းကြောင့် ကာလကြာလာသည်နှင့်အမျှ ပြည်သူများမှာ ဒုက္ခသည်ဘဝသို့ ခံစားကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် ဦးစွာခေါင်းဆောင်ချင်း တွေ့ဆုံဆွေးနွေးရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ကျော်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်း၊ လက်နက်စွန့်၍ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ပါက အသက်အိုးအိမ်စည်းစိမ်အတွက် အာမခံချက်ပေးခြင်း၊ ၎င်းတို့ပိုင်ဆိုင်မှုများအတွက် အာမခံချက်ပေးခြင်း၊ ပြည်ပနိုင်ငံများမှ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဟု အာမခံချက်များပေးကာ စေတနာထား၍ ကောင်းမွန်သော တုံ့ပြန်ချက်များဖြင့် တွေ့ဆုံဆွေးနွေး ဆောင်ရွက်ခဲ့သည့်အတွက် KIO/KIA အဖွဲ့ကလွဲပြီး ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ပေးမှု စုစုပေါင်းမှာ တန်ဖိုးငွေ (၉၁၃၇၉၉၈၈၈) ကျပ်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သဘောထားကြီးစွာဖြင့် KIO/KIA အဖွဲ့အစည်းအား ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးကြိုးစားစား ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ (၁၁)ကြိမ်ဆွေးနွေးပြီးဖြစ်သော်လည်း နိုင်ငံတကာငြိမ်းချမ်းရေး ဆွေးနွေးပွဲမျိုးဖြစ်သည့် အပစ်ရပ်စဲပြီးမှ နိုင်ငံရေးဆွေးနွေးခြင်းအစား နိုင်ငံရေးဆွေးနွေးရင်း အပစ်ရပ်စဲရေးဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းမည်ဟု KIO/KIA ဘက်မှ ဆန့်ကျင်ဆွေးနွေးသဖြင့် ယနေ့အထိ ဆွေးနွေးမှု မအောင်မြင်ရခြင်းဖြစ်ပါကြောင်း၊ ကျန်လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် သဘောထားအမှန်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ KIAအဖွဲ့၏ လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ တပ်သားသစ် အဓမ္မစုဆောင်းခြင်း၊ အရပ်သားများအားပစ်ခတ်ခြင်း၊ ဖမ်းဆီးခြင်းများကြောင့် မြို့နယ်အသီးသီးရှိ ကျေးရွာများမှ အသက်ဘေးအန္တရာယ် လုံခြုံသည့် နီးစပ်ရာမြို့ပေါ်ရပ်ကွက်၊ ကျေးရွာများသို့ ပြောင်းရွှေ့ ရောက်ရှိလာသူများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲ စုစုပေါင်း(၁၁)ခုတွင် စခန်းပေါင်း(၈၂)ခု ဖွင့်လှစ်ထားပြီးလူဦးရေပေါင်း(၃၂၄၃၄)ဦးကို စောင့်ရှောက်ကျွေးမွေးထားပါကြောင်း၊ ၎င်းစခန်းများသို့ ပြောင်းရွှေ့ရောက်ရှိလာသူများအား နိုင်ငံတော်သမ္မတ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီအသင်းနှင့်လွှတ်တော်ကိုယ်စားလှယ်များမှ ကုန်ပစ္စည်းနှင့် ငွေသားထောက်ပံ့မှု စုစုပေါင်း (၆၇၃၇၄၇၆၇၉၇)ကျပ် ဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များမှ ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၃၉ တွင် "နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"ဟု ဖော်ပြထားပါကြောင်း၊ KIO/KIA အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်ကို တပ်မတော်က ကာကွယ်စောင့်ရှောက်ပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ရှောင်လွှဲ၍မရသည့်အခြေအနေကြောင့် KIO/KIA အဖွဲ့ကို တိုက်ခိုက်ရခြင်းဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **မြို့ပြပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Public Transportation Plan ကို ရန်ကုန်စီးပွားရေး မြို့တော်အတွက် ရေးဆွဲထားခြင်း ရှိ/မရှိနှင့် ယာဉ်လိုင်းများ အဆင့်မီ ထူထောင်ပေးရန်၊ အများပြည်သူသုံး ပို့ဆောင်ရေးစနစ် တိုးတက်ရန် နိုင်ငံတော်မှ ကမကထပြု ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ဖြေကြားရာတွင် "မဟာရန်ကုန် မြို့ပြဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း" ရေးဆွဲရေးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့ နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးပြီး အကူအညီပေးရေး အစီအစဉ်အရ ဖြစ်နိုင်ခြေ လေ့လာရေးလုပ်ငန်းများကို ယခုလဆန်းတွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေ့လာရေးကာလကို လပေါင်း(၂၀) သတ်မှတ်၍ လေ့လာဆန်းစစ်ချက်များ ထွက်ပေါ်လာပါက စီမံကိန်းအား ကာလတို၊ ကာလလတ်၊ ကာလရှည်အဖြစ် လျာထားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာငွေသုံးစွဲနိုင်မှုတို့အပေါ် အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဂျပန်နိုင်ငံ၏ အကူအညီရယူ၍ Public Transportation Plan ရေးဆွဲနေခြင်းသည် လည်းကောင်း၊ ယင်း Plan အပေါ်မူတည်၍ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများအတွက် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များအတွက် လည်းကောင်း၊ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုအစီအစဉ်ဖြင့် ခရီးသည်တင်ယာဉ်များ အဆင့်မီလာရေးအတွက် လည်းကောင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် ပတ်သက်၍ အခွန်အခများ လျှော့ချကောက်ယူခြင်းဖြင့် လည်းကောင်း၊ မြို့ပြသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းဖြင့်လည်းကောင်း နိုင်ငံတော်မှ ကမကထပြု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တွင် လူထုအခြေပြု သယ်ယူပို့ဆောင်ရေးစနစ် ပိုမိုကောင်းမွန်စေရန်နှင့် စနစ်တကျဖြစ်စေရန်အတွက် ၇-၁-၂၀၁၃ ရက်မှစတင်၍ Public Transport Authority ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနအသီးသီးနှင့် လည်းကောင်း၊ JICA နှင့် လည်းကောင်း နိုင်ငံတော်မှ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

အစည်းအဝေး အဌမနေ့ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

○ *ရှေ့ဖုံးမှ*

တစ်ဖန် မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကိုလည်း သွယ်တန်းမှုပြီးစီးတော့မည်ဖြစ်သည်။ ယင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ကူမင်း၊ ကိုင်ကျို့နှင့် ကျောင်စီမြို့များအထိ သွယ်တန်းထားခြင်းဖြစ်သည်။ အဆိုပါ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏အရှည်မှာ ၂၈၀၆ ကီလိုမီတာရှိပြီး တစ်နှစ်လျှင် ဓာတ်ငွေ့ ၁၂ ဘီလီယံကုဗမီတာခန့် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

ရုပ်သေးပြပွဲသို့တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၄

စင်ကာပူသမ္မတနိုင်ငံ၌ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အာဆီယံရုပ်သေးအဖွဲ့ချုပ် အစည်းအဝေးနှင့် အာဆီယံရိုးရာ ရုပ်သေးပြပွဲသို့ တက်ရောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဒေါ်ပပမျိုး(ကထိက) ဦးဆောင်သောအဖွဲ့ဝင်ငါးဦးသည် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✱ *ကျောဖုံးမှ*

အဆိုပါ ဂြိုဟ်တုသည် မလေးရှားနိုင်ငံမှ ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုဖြစ်သည့် မီရာဆက်ကုမ္ပဏီမှ ရယူထားသော ဂြိုဟ်တုဖြစ်သည်။

အဆိုပါ ဂြိုဟ်တုသည် အရှေ့ဥရောပ အာရှအလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းဒေသရှိ နိုင်ငံများအား ဆက်သွယ်ရေးလုပ်ငန်းများလျင်မြန်ချောမွေ့စေရန် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။ ယင်းဂြိုဟ်တုကို အမေရိကန်နိုင်ငံ အာကာသရေးရာသိပ္ပံကော်ပိုရေးရှင်းမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။

အဇာဗေ့-၁ ဂြိုဟ်တုသည် အသံလွှင့်မှု၊ အင်တာနက်သုံးစွဲမှု၊ ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်မှု စသည်များကို လျင်မြန်ချောမွေ့စေရန် အထောက်အကူပြုမည်ဖြစ်သည်။ **(ဆင်ဟွာ)**

တောင်သူလယ်သမားများ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့်အနေဖြင့် ယာသီးနှံစိုက်ပျိုးစရိတ်ချေးငွေအား တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းတိုးမြှင့်သတ်မှတ်ခြင်း

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အရင်းအနှီးလိုအပ်ချက်များကို အထောက်အပံ့ ဖြစ်စေရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ယာသီးနှံဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဝါစိုက်ပျိုးကြသော တောင်သူများအား တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေ လက်ရှိငွေကျပ် ၁၀၀၀၀ နှုန်းမှငွေကျပ် ၂၀၀၀၀ နှုန်း သို့ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းဥပဒေအရ မူလကြွေးဟောင်းကြွေးကျန်များကို အပြေအကြေ (အပြည့်အဝ) ပြန်လည်ပေးဆပ်ပြီးသူများကိုသာလျှင် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။ အမှန်တကယ် စိုက်ပျိုးစရိတ် အခက်အခဲတွေ့ရှိနိုင်သည့် တစ်ပိုင်တစ်နိုင်နှင့် ၁၀ ဧကနှင့်အောက် တောင်သူများကိုသာလျှင် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး အမှန်တောင်သူတစ်ဦးချင်း၏ သီးနှံအမယ် အမျိုးအစားလိုက် စိုက်ဧကကိန်းဂဏန်းများ မှန်ကန်စွာအချိန်ကိုက်ပေးပို့နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ နှိုးဆော်ညှိနှိုင်းထားရှိကြောင်း ကြေညာအပ်ပါသည်။

တောင်သူများအတွက် အမှန်အခက်အခဲလိုအပ်ချက်အရ ထပ်မံလိုအပ်နိုင်သည့် စိုက်ပျိုးစရိတ်ငွေများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ ပုဂ္ဂလိကအသေးစားငွေစုငွေချေးလုပ်ငန်းများမှလည်း ထုတ်ချေးကူညီပံ့ပိုးပေးသွားကြရန်ရှိကြောင်း သိရှိရပါသည်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation မှ G & E marketing Vice President လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ZTE Corporation မှ G&E marketing Vice President Mr. Yu Shaowei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် ၁ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ဆက်သွယ်ရေး နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ZTE ကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များ၊ကော်ပိုရေးရှင်းက ပူးပေါင်းကူညီနိုင်မည့် ဆက်သွယ်ရေး နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးမောင်မောင်စိုး၊ လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးအောင်ဆန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

(၂၉)ကြိမ်မြောက်မြန်မာနိုင်ငံဆရာဝန်

နေပြည်တော် ဇန်နဝါရီ ၂၄

(၅၉) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ Strand Hotel ရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်တို့က ညီလာခံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို Grand Ball Room ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာ၌ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အောင်မြင်မှု ရရှိစေရန် ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်း၊ မိခင်နှင့်ကလေးသေဆုံးမှုနှုန်း ပိုမိုကျဆင်းသွားစေရန်၊ မသေသင့်ဘဲမသေစေရန် ရောဂါများ ကာကွယ်ကုသရေးကို အထူးဂရုစိုက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရောဂါကြီး သုံးမျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အထူးဦးစားပေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊

စစ်ကိုင်းတိုင်းဒေသကြီးရှိမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအရာတော်မြို့နယ် မင်းရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲနှင့်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျောင်းမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များက ပညာရေးငွေပဒေသာပင် ငွေကျပ်သိန်း ၂၅၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွန်ပျူတာ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ ကျောင်းဆောင်သစ်ကို အလှူရှင်များ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့ပြီး အလျားပေ ၁၁၀၊ အနံပေ ၄၀ နှင့် အမြင့် ၂၂ ပေရှိ RCအုတ်ညှပ်နှစ်ထပ်ဖြစ်ပြီး ကုန်ကျငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၇၀၀ ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သလဲ့ဘာ- ကျောက်ကုန်းကျေးရွာ မူးမြစ်ကူးသစ်သားတံတား ဆောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေး၍ ဆိပ်ဖူးမြောင်ကျေးရွာနှင့် နရပဟိုးကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီးကျေးရွာများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ ထောက်ပံ့ပေးအပ်သည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စပါးတွင်းကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း မေတ္တာကျောင်းဆောင် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ရုပ်မြင်သံကြားဖမ်းစက် တစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များ၊အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ မေတ္တာကျောင်းဆောင်သစ်ကို အလှူရှင်များ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့ပြီး အလျားပေ ၉၀၊ အနံပေ ၃၀နှင့် အမြင့် ၁၂ ပေရှိ ကွန်ကရစ် အုတ်ညှပ်တစ်ထပ်ဖြစ်ကာ ကုန်ကျစရိတ်ငွေစုစုပေါင်း ငွေကျပ် ၃၄၄သိန်း ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝက်လက်မြို့နယ် သမရိုးကျေးရွာ၌ ဂျုံနှစ်ဧကေ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ခင်ဦးမြို့နယ်ရှိ အညာသီဟတောဘုရား ပြုပြင်မွမ်းမံနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်ကြည်ညို

ကျွန်းလှမြို့နယ် သီတဂူစကျွဲဒါနသံဃာ့ဆေးရုံ ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့နယ် ပင်းတဲကျေးရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရှမ်းကုန်းကျေးရွာမူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

ထောက်ပံ့ပေးအပ်

ထို့နောက်ပင်သာကျေးရွာနှင့်ချပ်ကြီးကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာအတွက်ကျောင်းသုံး ဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ဂျာနယ်စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ချပ်သင်းကျေးရွာ စုပေါင်းရုံး အဆောက်အအုံဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအမျိုးသား ပုဂံဒေသရှိဘုရားများအား ဖူးမြော်ကြည်

နေပြည်တော် ဇန်နဝါရီ ၂၄

ရန်ကုန်မြို့၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားပုထိုးစေတီများအား ဖူးမြော်ကြည်ညိုရန် ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညောင်ဦးလေဆိပ်သို့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

လာအိုချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လေဆိပ်၌ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်ဇနီးနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဋ္ဌေးကျော်နှင့်ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် လာအိုအမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့်ဆီမီးကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ယွန်းပညာကောလိပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဗူးဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧရာဝတီမြစ်၏ ရှုခင်းအလှကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အာနန္ဒာဘုရားနှင့် သဗ္ဗညုဘုရားတို့အား ဖူးမြော်ကြည်ညိုပြီး ဦးဘညိန်း ယွန်းလုပ်ငန်းနှင့် ယွန်းထည်အရောင်းဆိုင်သို့ သွားရောက်လေ့လာသည်။ **(အပေါ်ပုံ)**

ယင်းနောက် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းနှင့်အတူ လောကနန္ဒာဘုရားအားဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်မှနေ၍ ညနေ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကြသည်။

ညပိုင်းတွင် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ဇနီးတို့က

စစ်တွေမြို့ သင်္ဘောဆိပ်ကမ်း၌ ခြောက်လုံးပြူးလုပ်သေနတ်တစ်လက်နှင့် WY စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့နံနက် ၇နာရီခွဲတွင် သတင်းအရ စစ်တွေမြို့မှ ဘူးသီးတောင်သို့ ထွက်ခွာမည့် မလိခအမြန်ရေယာဉ်ပေါ်၌ ဦးအိန္ဒြာစာရ(ခ)ဦးထွန်းအေးကျော် (၃၈) နှစ် (ဘ) မောင်သက်ရှည်နှင့် ဦးသန်းလှိုင် (ခ)ဦးမောင်လုံး(၃၇)နှစ် (ဘ) ဦးသာစိတ်တို့အား ခွင့်ပန်၍ ရှာဖွေစစ်ဆေးရာ ဦးအိန္ဒြာစာရ(ခ) ဦးထွန်းအေးကျော်၏ လက်ဆွဲအိတ်အတွင်းမှ ခြောက်လုံးပြူး လုပ်သေနတ်တစ်လက်၊ ကျည်မျိုးစုံ ၂၆ တောင့်၊ ၉၁ မမ လက်ပစ်ဗုံးတစ်လုံး၊ ၉ မမ ကျည်အိမ်တစ်ခု၊ CDMA-450 လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ WY စိတ်ကြွဆေးပြား ၄၉၆၀၀အား သိမ်းဆည်းရမိခဲ့သည်။

အရေးယူဆောင်ရွက်

အဆိုပါ သိမ်းဆည်းရရှိသည့် ပစ္စည်းများအား စစ်တွေမြို့ နယ်မြေခံရဲစခန်းသို့အပ်နှံပြီး သယ်ဆောင်လာသူများအား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်လျှင်

...နိုင်ငံဆရာဝန်ညီလာခံဖွင့်

...မြင့်မှု ရရှိစေရန်
...န တစ်ခုတည်း
...မရနိုင်ကြောင်း၊
...ဝန်ကြီးဌာနများ၊
...များ၊ မိဘပြည်သူ
...ဆောင်ရွက်မှသာ
...စ်ကြောင်း၊ မိခင်
...န်း ပိုမိုကျဆင်း
...ဘဲမသေစေရန်
...ယ်ကုသရေးကို
...ရွက်သွားကြရန်
...နိုင်ငံတွင် ကမ္ဘာ့
...အပ့်ဖြင့် ဆောင်
...ဂါကြီး သုံးမျိုး
...က်စ်၊ တီဘီနှင့်
...ျက်ရေးလုပ်ငန်း
...း အားသွန်ခွန်
...ရွက်နေကြောင်း၊

အသည်းရောင်ရောဂါဘီပိုးနှင့် ကာကွယ်ဆေးလုံလောက်စွာ ရရှိရေးအတွက် အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များ ကာကွယ်ဆေးထိုးလုပ်ငန်း၌ (၅)မျိုးပေါင်းစပ် ကာကွယ်ဆေးကို နိုင်ငံတကာနှင့် အဆင့်အတန်းညီဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံ ဆရာဝန်များအား ပြည်သူများက အားကိုးယုံကြည်မှုရှိသည့်အတွက် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပြည်သူများပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဆရာဝန်များအနေဖြင့် တစ်ကိုယ်ကောင်းမဆန်၊ နောက်ပြန်မဆွဲ၊ ဌာနစွဲပုဂ္ဂိုလ်စွဲမထားဘဲ အချီးညီညီ ပူးပေါင်းဆောင်ရွက်လျက် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ မိမိဆေးလောကဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တိုးတက်ရေးအတွက် ကောင်းသောအမြင်၊ သဘောထားခံယူချက်များ ထားရှိကာ အများကြည်ညိုလေးစားရသော ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသည့်ဆရာဝန်ပညာရှင်ဘဝကို ခံယူကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မွန်ပြည်နယ်) ဥက္ကဋ္ဌ ဒေါက်တာအေးငြိမ်းတို့က ဆေးနှင့်ဆေးပစ္စည်းပြခန်းမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီး၊ သင်ကြားရေးဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာကုသဆောင်တိုးချဲ့ ဆောက်လုပ်မှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...နိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ...း ဖူးမြော်ကြည်ညို

...များ ပေးအပ်လှူ
...၏ ရှုခင်းအလှကို
...ည်။
...ာအိုအမျိုးသား
...ဖွဲ့သည် အာနန္ဒာ
...းတို့အား ဖူးမြော်
...ယွန်းလုပ်ငန်းနှင့်
...င်သို့ သွားရောက်
...ပုံ)
...ာအိုအမျိုးသား
...ဖွဲ့သည် အမျိုး
...ဥက္ကဋ္ဌ ဦးမြငိမ်း
...ရှင့်သိန်းနှင့်အတူ
...းဖူးမြော်ကြည်ညို
...ပြင်တော်မှနေ၍
...အလှကို ကြည့်ရှု
...သား လွှတ်တော်
...မ်းနှင့် ဇနီးတို့က

လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား Aureum Palace Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် သီရိဇေယျာဘူမိပုဂံ ရွှေနန်းတော်ကြီးတို့သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ညောင်ဦးလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာပြီး နံနက် ၁၁ နာရီတွင် နေပြည်တော်သို့ရောက်ရှိရာ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူး၊ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်၍ စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာကျောက်စိမ်းရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရတနာဆင်ဖြူတော်ဆောင်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

...စ်ပင်စိုက်လျှင် နို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

၂၀၁၃ခုနှစ်၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး၊

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး၊

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေး။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် SEAGF နိုင်ငံများမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်နိုင်ရေး စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် SEAGF နိုင်ငံများမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) အစည်းအဝေးခန်းမ၌ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရေး အစီအစဉ်များ၌ South East Asia Games Federation (SEAGF) နိုင်ငံများကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်သည့် အနေဖြင့်လည်းကောင်း SEAGF နိုင်ငံများအလိုက် ကိုယ်စားပြု အကများကို တင်ဆက်သွားရန်စီစဉ်ထားရှိကြောင်း၊ ထိုသို့ ဖျော်ဖြေ တင်ဆက်နိုင်ရန်အတွက် SEAGF နိုင်ငံများမှ တစ်နိုင်ငံလျှင် အုပ်ချုပ်သူနှင့် အနုပညာရှင် စုစုပေါင်း ၃၅ ဦးအား ဖိတ်ကြား၍ ကပြတင်ဆက်မှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သံအမတ်ကြီးများက ၎င်းတို့နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖျော်ဖြေရေးအဖွဲ့များ လာရောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါအစည်းအဝေးသို့ SEAGF အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ရန်ကုန်မြို့ရှိ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ ယဉ်ကျေးမှုဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang-Hee နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kim Hae-Yong နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

သြစတြေးလျနိုင်ငံ အမျိုးသားနေ့ ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံ သံအမတ်ကြီး Ms. Bronte Moules ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

KIA အဖွဲ့က ဝိုင်းမော်မြို့နယ် ကျေးရွာများမှ အပြစ်မဲ့ပြည်သူ ၂၈ ဦးအား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၂၄

ဇန်နဝါရီ ၂၂ ရက် နံနက် ၂ နာရီခွဲခန့်တွင် ဝိုင်းမော်မြို့နယ် ရှငေါ်ကျေးရွာအနီးသို့ KIA တပ်ရင်း (၃၀)မှ အင်အား ၁၅ ဦးခန့်ရောက်ရှိလာပြီး ရွှေတူးဖော်နေသည့် အမျိုးသား ၁၆ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်နယ်အစိုးရထံမှ သိရှိရသည်။

ဖမ်းဆီးခေါ်ဆောင်

အလားတူ ဇန်နဝါရီ ၂၃ ရက် ည ၈ နာရီခန့်တွင် ဝိုင်းမော်မြို့နယ် လွယ်ကျော်ကျေးရွာသို့ KIA အဖွဲ့မှ အင်အား ၁၀ ဦးခန့် ရောက်ရှိလာပြီး အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလိုလားအပ်သည့်ထိခိုက်မှုများ မဖြစ်စေရန်အတွက် လဂျားယန်ဒေသသို့ ရောက်ရှိလာသော အရပ်ယာဉ်တစ်စီးအား ပြန်လည်စေလွှတ်

နေပြည်တော် ဇန်နဝါရီ ၂၄

ယနေ့နံနက် ၁၁ နာရီခွဲခန့်က မြန်မာ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ ကိုနေမျိုးဇင်အပါအဝင် ငါးဦးသည် လိုက်ထရပ်ယာဉ်ဖြင့် ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့သို့ ရောက်ရှိလာပြီး ကချင်ပြည်နယ်အတွင်း တိုက်ပွဲကြီး/ငယ် ဖြစ်ပေါ်လျက်ရှိသည့် လဂျားယန်ဒေသမှ တစ်ဆင့် ကေအိုင်အေဌာနချုပ်ရှိရာ လိုင်ဇာသို့ သွားရောက်လိုသည့်အကြောင်းပြချက်ဖြင့် တာဝန်ရှိသူများ တားဆီးသည့်ကြားမှ ဆက်လက်ထွက်ခွာခဲ့သည်။

ယင်းနယ်မြေသည် လုံခြုံရေးအရ တည်ငြိမ်မှုမရှိသေးခြင်း၊ ကေအိုင်အေအဖွဲ့၏ မိုင်းအန္တရာယ်များ များပြားလျက်ရှိခြင်းတို့ကြောင့် မလိုလားအပ်သည့် ဆုံးရှုံးမှုမျိုးမဖြစ်စေရေးအလို့ငှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါယာဉ်အား ဒေါ့ဖုန်းယန်မြို့ မြောက်ဘက်ငါးမိုင်ခန့်အကွာတွင် ကောင်းမွန်စွာ ရှင်းပြလျက် လာရာလမ်းသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



KIA အဖွဲ့က တပ်စခန်းတစ်ခုနှင့် တံတားလုံခြုံရေးရဲကင်းအား ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇန်နဝါရီ ၂၄

ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က KIA အဖွဲ့မှ အင်အား ၅၀ ခန့်သည် မြစ်ကြီးနား-ဗန်းမော်ကားလမ်းပေါ်ရှိ ကန်တော်ယန်ကျေးရွာအနီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းတစ်ခုအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် KIA တပ်ဖွဲ့ဝင်နှစ်ဦးက ယနေ့နံနက် ၂ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့ မရှိကထောင်တံတားရဲကင်းသို့ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားဆောင်းပါး

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်မှ ထီးပွင့်ကန်

မောင်စိန်လှိုင်

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ထူးဆန်းသောထီးပွင့်ကန်တည်ရှိရာ ရောက်တုန်းရောက်ခိုက် သွားရောက်လေ့လာဖြစ်ခဲ့သည်။ ဒီးမော့ဆိုမြို့သည် လွိုင်ကော်မြို့မှ ၁၂ မိုင်ခန့် အကွာတွင် တည်ရှိသည်။ ထီးပွင့်ကန်တော်သည် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအုပ်စု ငွေတောင်ဆည်၏ အရှေ့မြောက်ဘက်တွင် တည်ရှိသည်။ ကန်တော်၏ အလျားမှာ ၂၂၇ ပေရှိပြီး အနံသည် ၁၁၅ ပေရှိသည်။ ထူးဆန်းသောမြင်ကွင်းမှာ ကန်အတွင်းရှိရွံ့နုန်းမြေများသည် ရေပြင်အထက်သို့ ထီးပွင့်သဏ္ဍာန်ပြူထွက်ကာ ထူးဆန်းစွာ တည်ရှိခြင်းဖြစ်သည်။

ထီးပွင့်ကန်တော်၏သမိုင်းရင်းမြစ်

ထီးပွင့်ကန်တော်ကြီး သမိုင်းဖြစ်စဉ်ကို တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးညေယျက ဤသို့ရှင်းပြသည်။

ကျွဲဖြူကြီးတစ်ကောင် မိကျောင်းနားသို့ ရောက်ရှိလာပြီး "အဆွေ ဘယ်အရပ်သို့သွားပါမည်နည်း။အဆွေသည် ပူဆွေးသောကရောက်နေသလိုပဲ"ဟု မေးရာ မိကျောင်းကြီးက အကြောင်းစုံရှင်းပြပြီး ရေရှိရာအရပ်သို့ ပို့ဆောင်ပေးပါဟု အကူအညီတောင်းလေသည်။ ကျွဲဖြူကြီးက ရေရှိရာအရပ်သည် အလွန်ဝေးကွာလှသည်ဟု ပြောရာ မိကျောင်းကြီးက "သင်၏ခွာဖြင့် မြေများကိုယက်ပေးပြီး ကျင်ငယ်များကို စွန့်ပေးပါ" ဟု ပြောလေရာ ကျွဲဖြူကြီးကလည်း သနားကြင်နာစိတ်များ ပေါ်ပေါက်လာသဖြင့် မိကျောင်းကြီး အကူအညီတောင်းသည့်အတိုင်း ခွာဖြင့်မြေများကို ယက်ထုတ်လိုက်၊ ကျင်ငယ်စွန့်လိုက်ဖြင့် အဖန်တလဲလဲ ကြိုးစားခဲ့ရာ မိကျောင်းကြီးလူးနိုင်သော အဆင့်သို့ ရောက်ရှိခဲ့လေသည်။ ယင်းနောက် မိကျောင်းကြီးလည်း ကျွဲဖြူကြီးခွာဖြင့်

ကန်ကို ကယားလူမျိုးတို့က အမြတ်တနိုးထားကာ ကန်ပေါင်တွင် တံခွန်တိုင်များ စိုက်ထူကြသည်။ ရိုးရာဆေးများဖော်လိုပါက မိုင် ၃၀၊ မိုင် ၄၀ ဝေးသောဒေသကပင် ထီးပွင့်ကန်မှ ရေကို လာရောက်သယ်ယူကြသည်။

စာရေးသူမြင်တွေ့ခဲ့ရသော သဲပွင့်၊ နုန်းတို့သည် ရှေးကာလကပင် လပြည့်လကွယ်မဟူ အမြဲလိုလို စဉ်ဆက်မပြတ် ထီးသဏ္ဍာန်ပွင့်လျက်ရှိသည်။ ရေပေါ်မှမြင်တွေ့ရသော ထီးသဏ္ဍာန်သည် တစ်တောင် သို့မဟုတ် နှစ်တောင်ခန့် ကျယ်ပြန့်သော်လည်း ၎င်း၏အောက်ခြေ ရေထဲရှိ သဲနုန်းထုထည် ပမာဏသည် ကားကြီးနှစ်စီးတိုက်ခန့်ရှိသည်။ စ၍ ပွက်သည်မှ တစ်စတစ်စ ထီးသဏ္ဍာန်

ရှေးအခါက တောအုပ်ကြီး တစ်အုပ်တွင် ယုန်ဖြူကြီးတစ်ကောင်နှင့် မိကျောင်းတို့သည် အဆွေခင်ပွန်းဖွဲ့၍ နေထိုင်ခဲ့ကြစဉ် တစ်နေ့၌ ယုန်ဖြူကြီးက မိကျောင်းအား ဤအရပ်၌ ရေအလွန်ရှားပါးသည်။ နွေရာသီရောက်၍ ရေများခန်းခြောက်ခဲ့လျှင် အသင် ဒုက္ခတွေ့လိမ့်မည်။ ရေရှိရာသို့ ပြောင်းရွှေ့နေထိုင်သွားကြရန် ဖြားယောင်းသွေးဆောင် ပြောဆိုလေသည်။

မိကျောင်းသည် ယုန်ဖြူက အမှန်သဘောရိုးဖြင့် ပြောသည်ထင်မှတ်၍ ယုန်ဖြူခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။ တစ်နေရာအရောက်တွင် လေတိုး၍ ထင်းရှူးပင်များမှ ရေစီးသကဲ့သို့ အသံများ ထွက်ပေါ်လာရာ ရေကန်နှင့်နီးပြီ၊ အားမလျှော့ဘဲ ကြိုးစား၍ လျှောက်လှမ်းရန် ယုန်ဖြူကြီးကဆိုသည်။ တဖြည်းဖြည်း ကြိုးစား၍ လျှောက်လှမ်းခဲ့သော်လည်း ရေကန်သို့မရောက်နိုင်ဘဲ မိကျောင်းကြီးသည် ခရီးပန်း၍ ခြေကုန်လက်ပန်းကျဖြစ်နေချိန် တောင်ကုန်းတစ်ခုပေါ်သို့ရောက်ရှိသောအခါ ယုန်ဖြူကြီးက မိကျောင်းကြီးအား ထားခဲ့၍ ရှောင်ခွာထွက်ပြေးသွားလေသည်။

မိကျောင်းကြီးမှာ ဆက်လက်၍ ခရီးဆက်နိုင်ခြင်းမရှိ။ ဒုက္ခရောက်နေစဉ် ယက်ပေးထားသော နေရာကို ဆက်လက်ကြိုးစား၍ မြေများကို ယက်ရာ ထိုနေရာမှ ရေများ ပန်းထွက်လာပါတော့သည်။

ထိုအခါမိကျောင်းကြီးက အလွန်ပျော်ရွှင်ဝမ်းမြောက်သွားပြီး ကျွဲဖြူကြီးအား "အကျွန်ုပ်တွင် သင်ပေးသောအသက်သာ ရှိပါတော့သည်။ သင်တို့ကျွဲများရေနှင့်ပတ်သက်၍ အခက်အခဲမရှိပါစေနှင့်၊ ရေအခက်အခဲဖြစ်ခဲ့လျှင် ကျွန်ုပ်ကိုသတိရပါ။ ကျွန်ုပ်ကူညီစောင့်ရှောက်နေပါသည်"ဟု ကတိစကား ပြောကြားခဲ့သည်။ သို့ဖြစ်၍ ယနေ့တိုင် ကျွဲများ ရေနှင့်ပတ်သက်၍ ဒုက္ခရောက်သည် မရှိ၊ မိကျောင်းက ကူညီစောင့်ရှောက်နေသည်ဟု ကယားလူမျိုးများက ယုံကြည်ယူဆ ကြသည်။ ယခုထီးပွင့်ကန်သည် ကယားလူမျိုးတို့က မိကျောင်းကြီးတူးသောကန်ဟု အဆိုရှိကြသည်။ ဘုတ်တလုပ်ကန်ဟုလည်း အမည်သမုတ်ကြသည်။

ထူးခြားမှုနှင့်သဘာဝဖြစ်စဉ်

ထီးပွင့်ကန်တော်ကို ကိန္နရီခုနစ်ဖော် ရေကစားသည့်ဘုတ်တလုပ်ကန်ဟုဒေသခံတို့က ယုံကြည်ကြသည်။ အနောက်ဘက်သစ္စာကန်နှင့် အရှေ့ဘက်ထီးပွင့်အကြား ထူးဆန်းစွာ ရေမြင့်တက်နေသော ကန်ငယ်ရှိသည်။ ရှေးနှစ်များစွာကပင် ထီးပွင့်ဖြစ်ပေါ်ပြီးနောက် နောက်ဆုံးတွင် "ဝုန်း" ဟူသော ပေါက်ကွဲသံကြီးနှင့်အတူ ထီးသဏ္ဍာန်ဖြစ်နေသော သဲနုန်းတို့သည် ရေကန်ထဲသို့ပင် လှိုင်းလုံးကြီးများနှင့်အတူ ပြန့်ကျဲသွားပါတော့သည်။

ထီးပွင့်ကန်သို့ သွားရောက်လေ့လာရာတွင် ထီးပွင့်သည်နှင့် မကြုံကြိုက်သူများလည်း ရှိပါသည်။ စာရေးသူတို့ သွားရောက်လေ့လာသောနေ့ကမူ ထီးပွင့်ကန်၏ ရေလယ်နှင့် ရေကန်စပ်နေရာအသီးသီးတွင် ထီးများ များပြားစွာပွင့်နေသည်ကို ကြုံတွေ့ခဲ့ရရာ တောင်တန်းသာသနာပြုဆရာတော်က ကံကောင်းသည့် အတိတ်နိမိတ်ဖြစ်ကြောင်း၊ လာဘ်လာဘများတိုးပွားမည်ဖြစ်ကြောင်း ဩဝါဒပေးခဲ့သည်။ အပြန်ခရီးတွင် ဒီးမော့ဆိုမြို့၌ တိုင်းရင်းသားတို့၏ ရိုးရာပြောင်းဆန်နှင့် ချက်လုပ်ထားသော ရိုးရာခေါင်ရည်၏ စပ်ဖျဉ်းဖျဉ်းအရသာကို ဒေသထွက် အသီးအနှံများဖြင့် မြည်းစမ်းရင်း လွိုင်ကော်မြို့အရောက်တွင် အောင်ဘာလေ ထီကြီးထိုး၍ ကံကောင်းလာမည့်နေ့ကို မျှော်လင့်စောင့်စားလျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ပြည်ထောင်စုနေ့ကို ကြိုဆို၍ ကယားပြည်နယ်ကို ဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

မိတ္ထီလာကန်သန့်ရှင်းရေး အပတ်စဉ်ဆောင်ရွက်မည်

မိတ္ထီလာ ဇန်နဝါရီ ၂၄

မိတ္ထီလာကန်သည် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေပေးဝေပြီး မြို့နေ ပြည်သူအတွက် သောက်သုံးရေအဖြစ် အကျိုးပြုနေသော သမိုင်းဝင်ကန်ကြီးဖြစ်သည်။ မိတ္ထီလာကန်ရေသန့်ရှင်းရေး၊ ကန်သာယာလှပရေးအတွက် ကန်အတွင်း အမှိုက်များပစ်ချခြင်း၊ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ ငါးများခြင်းများ မပြုလုပ်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ပတ်လည်တွင် အသိပေးကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားခဲ့သည်။ မိတ္ထီလာကန်အတွင်းတွင် ရေမှော်များ၊ အမှိုက်များ၊ဒိုက်များ၊ သစ်ပင်ချုံနွယ်များ ပေါက်ရောက်နေပြီး ကန်ကူးတံတားပေါ်တွင် ညောင်ပင်များ၊ သစ်ပင်ချုံနွယ်များပေါက်ရောက်နေခြင်း၊ ပေါက်ချောင်းကွက်သစ်ကန်ပတ်လမ်းတွင် သစ်ပင်ချုံနွယ်များထူထပ်စွာ ပေါက်ရောက်နေသဖြင့် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၏ ဦးဆောင်မှုဖြင့် ဆည်မြောင်းထိန်းသိမ်းရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အလုပ်အမှုဆောင် ဦးသန့်ဇင်၊ အကျဉ်းဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၀ ရက်က ကန်အတွင်း လှေများဖြင့် ရေမှော်များဆယ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ တံတားပေါ်တွင် ပေါက် ရောက်နေသည့် ညောင်ပင်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါက်ချောင်းကွက်သစ် ကန်ပတ်လမ်းတွင် ပေါက်ရောက်နေသည့် ချုံနွယ် ပိတ်ပေါင်းများကို စက်ကြီးများဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ မိတ္ထီလာကန်သန့်ရှင်းသာယာရေးအတွက် နန်းတော်ကုန်းရပ်ကွက်၊ မြို့မ လေးရပ်ကွက်နှင့် ဈေးအရှေ့ပြင်ရပ်ကွက်ရှိ ကန်အတွင်း ရေမှော်များ၊ ဒိုက်များနှင့် မြက်ရိုင်းပင်များကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။ မိတ္ထီလာကန် သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များတွင် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကန်သန့်ရှင်းရေး ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၁၂)

ချို့တဲ့ကျောင်းသားလူငယ်များအတွက်ကူညီရန် ပညာပါရမီအသင်းဖွဲ့စည်း

သီပေါ ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုတွင် ပညာပါရမီအသင်း ဖွဲ့စည်းမိတ်ဆက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက ရွှေနမ့်လန်ခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဌာန အထူးကုဆရာဝန်ကြီး ဒေါက်တာရွှေညဏ်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှမောင်လတ်(သီပေါကိုလတ်)၊ နမ့်လန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းသိန်းဝင်းနှင့် ဖိတ်ကြားထားသူများ၊ ပညာရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာနမ့်လန်ပညာပါရမီအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်ကြာက ဒေသအတွင်းမှ ဆင်းရဲနွမ်းပါးသော ကလေးများ ကျောင်းနေပညာသင်ကြားနိုင်ရေးအတွက် ပညာပါရမီအသင်းမှ ပညာဒါနအဖြစ် အထောက်အကူပြုလှူဒါန်းသွားမည့် အသင်း၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းသိန်းဝင်း၊ အထူးကုဆရာဝန်ကြီး ဒေါက်တာရွှေညဏ်၊ အသင်းနာယက ဦးစိုင်းကျော်မင်းထွန်းနှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ သီပေါကိုလတ်တို့က အကြံပြုအမှာစကားများ ပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးစိုင်းလူမွန်က ပညာပါရမီအသင်းသို့ မတည်လှူဒါန်းထားကြသော အလှူရှင် ၂၉ဦး၏ အမည်စာရင်းများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် နမ့်လန်အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူအေးနှင့် တက်ရောက်လာသူများက အကြံပြုတင်ပြကြပြီး ဆင်းရဲနွမ်းပါး၍ ကျောင်းမနေနိုင်သောကလေးငယ်များနှင့် ပညာဆက်လက်မသင်ကြားနိုင်သော ကလေးသူငယ်များ၏ စာရင်းကို ကောက်ယူပြုစု၍ ကူညီဆောင်ရွက်ပေးသွားရန် အတည်ပြုခဲ့ကြကြောင်း သိရသည်။**(သီပေါကိုလတ်)**

အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ ဓာတ်အားပေးစက်အသစ် တိုးချဲ့တပ်ဆင်

ရန်ကုန် ဇန်နဝါရီ ၂၄

လာမည့်နွေရာသီတွင် ရန်ကုန်မြို့၏ ဓာတ်အားလိုအပ်ချက် အချိန်မီ ဖြည့်ဆည်းပေးနိုင်ရေး စီမံချက်အရ ဇန်နဝါရီ ၁၈ ရက်တွင် အလုံမြို့နယ် အလုံဓာတ်အားပေးစက်ရုံသို့ ရောက်ရှိလာသော အမေရိကန်နိုင်ငံ GE Co ., Ltd. ထုတ် 40 MW Gas Turbine တစ်လုံးကို ဇန်နဝါရီ ၂၂ ရက်မှစတင်၍ ဓာတ်အားပေးစက်၏ Foundation ပေါ်သို့ အထိုင်ချတပ်ဆင်ခဲ့ရာ Gas Turbine ၏ အလေးချိန်မှာ တန် ၈၀ ခန့်ရှိပြီး ထိုင်းနိုင်ငံမှ တစ်ပါတည်း သယ်ဆောင်လာသော တန် ၂၀၀ နိုင်နင်းသည့် ကရိန်းယာဉ်ဖြင့် အောင်မြင်စွာ အထိုင်ချနိုင်ခဲ့သည်။

တပ်ဆင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် Toyo Thai Public Co., Ltd. နှင့် GE Co., Ltd. တို့မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြို့၌ စာပေဟောပြောပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၂၄

ပဲခူးမြို့ ညောင်ဝိုင်းတောင်ပိုင်းရပ်ကွက် မြန်မာ့အလင်းစာကြည့်တိုက်၏ ဒုတိယအကြိမ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက် ည ၇ နာရီတွင် ညောင်ဝိုင်း ၁၃ လမ်းထိပ် စာကြည့်တိုက်ရှေ့ စင်မြင့်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၂၆ ရက် (စနေနေ့) ညတွင် စာရေးဆရာမောင်သာချိုနှင့် စာရေးဆရာ ညီမင်းညိုတို့ ဟောပြောကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) ညတွင် မောင်စိန်ဝင်း(ပုတီးကုန်း)၊ သန်းမြင့်အောင်နှင့် နုနုရည်(အင်းဝ)တို့က ဟောပြောမည်ဖြစ်ရာ စာပေဝါသနာရှင်များ မည်သူမဆို လာရောက်နားထောင်နိုင်ကြောင်း သိရသည်။

(၁၂၁)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကွန်ဒိုငှားမည်

ပါရမီကွန်ဒို Sqft 1250,
1-MB,2-BR
ငှားမည့်သူကိုယ်တိုင် ဆက်သွယ်ရန်
ဖုန်း-၀၁-၃၉၅၃၀၉၊ ၀၉-၅၁၉၇၈၄၈

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ ဘဝသစ်ကျေးရွာအုပ်စု အရှေ့ဖျားကျေးရွာ မူလွန်(ခွဲ)ကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပညာသင်ယူနေသော ဦးဇော်မင်းဦး၏သား ဆဌမတန်းမှ မောင်ကောင်းထက်ဇော်အား ယနေ့မှစ၍ မောင်သီဟကျော်စွာဟု ပြောင်းလဲခေါ်ပါရန်။

မောင်သီဟကျော်စွာ

ကန့်ကွက်ပါနိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြသီတာလုံးချင်းအိမ်ရာ၊ သီဟသူလမ်း၊ အမှတ် ၁ အေ/၃ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၁၁ တိုးချဲ့၊ လူနေရပ်ကွက်အမှတ် မြသီတာအိမ်ရာ၊ မြေကွက်အမှတ် ၁အေ/၃၊ မြေဧရိယာ ၀ဒသမ၀၇၆၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၀၆၂/၂၀၁၀အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စုစုမာအေးက ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B) **တရားလွှတ်တော်ရှေ့နေ (၄၃၇၃)**
ဒေါ်လှလှခိုင် (LL.B) **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**
အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁ (A) ၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ လှိုင်ထိပ်ခေါင်တင် မြေကွက်၊ ဦးပိုင်အမှတ် ၉၁၊ ဧရိယာ ၀ ဒသမ ၀၇၃ဧကရှိ ဦးသိန်းလွင်-ဒေါ်ခင်သီတာဝင်း အမည်ဖြင့် ပိုင်ဆိုင်သော အစိုးရမြေကွက်အား ဦးသိန်းလွင်-ဒေါ်ခင်သီတာဝင်း ၉/တကန(နိုင်)၀၃၀၁၀၃၊ ၉/တကန(နိုင်)၁၁၅၃၅၇ အဖအမည် ဦးကြည်မောင်၊ ဦးတင်ညွှန့်တို့က ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားဂရန်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပေါင်းစည်းလယ်ယာဖြင့် အောင်မြင်နေသော ပိတောက်ချောင်းရွာသား

ပိတောက်ချောင်းကျေးရွာသည် ပုသိမ်မြို့တစ်ဖက်ကမ်း အမှတ်(၁၀) ရပ်ကွက်တွင်ရှိသည်။ ဒေသခံတို့မှာ သင်္ဘောကျင်းလုပ်သား၊ ဆန်စက်လုပ်သား၊ လှေကူးတို့ခတ်လုပ်သား၊ ရေလုပ်ငန်းနှင့် တောင်သူလယ်သမားများ နေထိုင်ကြသည်။ ထိုဒေသတွင်ရှိသော တောင်သူလယ်သမားများသည် လယ်မြေပိုင်ဆိုင်မှု ဧကနည်းပါးသူများ ဖြစ်ကြသည်။ မိုးစပါးရိတ်သိမ်းပြီးသည်နှင့် ကျရာ ကြုံရာလုပ်ကိုင်ကြရသည်။ စီးပွားရေးဖွံ့ဖြိုးမှုမရှိ လုံးလည်ချာပတ်ဖြင့် ရုန်းကန်နေရသူများ ဖြစ်ကြသည်။

ကိုမြတ်ထွန်းသည် အဆိုပါ တောင်သူလယ်သမား မိဘဘိုးဘွားများမှ ဆင်းသက်လာရသူဖြစ်သည်။ လယ်မြေပိုင်ဆိုင်ခွင့် ခြောက်ဧကမျှသာရှိသည်။ အတန်းပညာ လွန်စွာနည်းပါး၏။ သို့သော် မိမိတတ်ကျွမ်းသည့် အတန်းပညာဖြင့် စိုက်ပျိုးရေးစာပေ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို နေ့စဉ်လေ့လာ ဖတ်ရှုနေသူဖြစ်၏။ အသက် ၃၅ နှစ်မျှသာ ရှိသေးသော်လည်း စိုက်ပျိုးရေးလုပ်ငန်းကို ဇောက်ချလုပ်ကိုင်မည်ဟု ဆုံးဖြတ်ထားသည်။ ၂၀၁၁ ခုနှစ်တွင် ပေါင်းစည်းလယ်ယာပညာပေး ဆောင်းပါးကို စိတ်ဝင်စားဖွယ် ဖတ်ရှုလေ့လာခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ခဲ့သည်။

သူ၏ လယ်မြေ ခြောက်ဧကတွင် တစ်ဧကကို အလယ်ဗဟိုပြု၍ ပေ ၅၀ ပတ်လည်ရေကန်ပြုလုပ်သည်။ ရေချိုငါးမွေးမြူထား၏။ ကန်ပေါင်ပတ်လည်တွင် ဘူး၊ ဖရုံ၊ ခရမ်း၊ ရုံးပတီ၊ ဂေါ်ဖီ၊ တရုတ်ကန်စွန်း စိုက်ပျိုး၏။ ကျန်လယ်မြေ ငါးဧကကို မိုးစပါးစိုက်သည်။ ရိတ်သိမ်းခြွေလှေ့ပြီးသည်နှင့် နွေစပါးစိုက်၏။ ရက်ပေါင်း ၁၂၀ စပါးဖြစ်သည်။ တစ်ဧကတင်း ၁၀၀ ထွက်ရှိသည်။ စိုက်ပျိုးချိန်၌ မိသားစုစားဝတ်နေရေး မပူမပင်ရ။ စိုက်ပျိုးခင်းမှ နေ့စဉ်ဝင်ငွေ ရရှိသည်။ စိုက်ပျိုးစရိတ် အခက်အခဲမရှိ။ ပတ်ဝန်းကျင် ရွာသားများကိုလည်း တစ်ပိုင်တစ်နိုင် လုပ်ငန်းပေးနိုင်သည်။ ထို့ကြောင့် ကိုမြတ်ထွန်း၏ ပေါင်းစည်းလယ်ယာမြေတစ်ခွင်သည် နွေနွေမိုးမိုး စိမ်းတစိုစိုနှင့် မင်္ဂလာရှိသည့် မြင်ကွင်းဖြစ်၏။

"ကျွန်တော့်ရဲ့ခံယူချက်က တောင်သူလယ်သမားတွေ စာပေများများ ဖတ်ရှုလေ့လာပါ။ စမ်းသပ်တီထွင်ပါ။ ဖွဲ၊ လုံ့လရှိကြပါ။ အပျော်အပါး၊ အသောက်အစားကင်းကြမယ်ဆိုလျှင် စိုက်ပျိုးမြေဧက နည်းသည်များသည် မဟုတ်ပါ။ ဆင်းရဲမွဲတေမှုလုံးဝကင်းရှင်းသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟူသော ကိုမြတ်ထွန်း၏ စကားတစ်ခွန်းက တောင်သူလယ်သမားများအတွက် အားခွန်တစ်ရပ်ဖြစ်စေမည်ဟု ယုံကြည်ပါသည်။ **ပုသိမ်-လှကြည်**

နယ်သတင်းနှင့်ကြော်ငြာ

ရှမ်းပြည်နယ်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၄

ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန ပြည်နယ်စက်မှုလယ်ယာ ဦးစီးဌာနနှင့် ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေး စီမံကိန်းရုံးတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူးနှင့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး ညွှန်ကြားရေးမှူးတို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စာရင်းစစ်အရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က စာရင်းစစ်အရာရှိများ အနေနှင့် ပြည်သူတို့၏ ဆန္ဒသဘောထားကို အလေးထားပြီး ထိထိရောက်ရောက် စစ်ဆေး ဆောင်ရွက်စေလိုကြောင်း၊ စာရင်းစစ်ဆိုသည်မှာ တိုင်းပြည်၌ အရေးကြီးသည့်ဝန်ထမ်းများဖြစ်သဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကျင့်ဝတ်၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာပြီး အကျင့်ပျက်ခြစားခြင်း၊ လာဘ်ပေး လာဘ်ယူခြင်း၊ အဂတိလိုက်စားခြင်းစသည့် စာရိတ္တမကျိုင်မကြွခိုင်ခြင်းကို ရှောင်ရှားရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်မှုတွင် မသမာမှု၊ ကိုယ်ကျိုးရှာမှု၊ အလွဲသုံးစားမှုမရှိအောင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများအတိုင်း မှန်မှန်ကန်ကန်ဖော်ထုတ်စစ်ဆေးစေလိုကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူတို့က ပြည်နယ်အတွင်း စာရင်းစစ်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်ဆက်သွယ်ရေး အဆင်ပြေလာတော့မည်

ဟုမ္မလင်း ဇန်နဝါရီ ၂၄

ဟုမ္မလင်းမြို့နယ်တွင် ဆက်သွယ်ရေး အဆင်ပြေစေရန် GSM/UMTS စခန်းများ တည်ဆောက်လျက်ရှိရာ မြို့ပေါ်တွင် စခန်းနှစ်ခုတည်ဆောက် အသုံးပြုလျက်ရှိသည်။

အလားတူ နောင်ပိုအောင်ကျေးရွာနှင့် နမ်တောကျေးရွာတို့တွင်လည်း စခန်းများအသစ်တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က နောင်ပိုအောင်ကျေးရွာရှိ GSM/UMTS စခန်းမှစမ်းသပ်ပြီး စတင်အသုံးပြုနေပြီဖြစ်သည်။ အလားတူ နမ်တောကျေးရွာရှိ စခန်းမှ ဇန်နဝါရီ ၂၀ ရက်တွင် စတင်စမ်းသပ် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျေးရွာ နှစ်ရွာသည် မြို့ပြအဆင့်စည်ကားပြီး ယခုကဲ့သို့ ဆက်သွယ်ရေးအဆင်ပြေစွာအသုံးပြုလာနိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ များစွာတိုးတက်လာနိုင်ကြောင်းသိရသည်။ ထို့အပြင် အနီးပတ်ဝန်းကျင်ကျေးရွာများအတွက်လည်း ဆက်သွယ်ရေး အဆင်ပြေလာတော့မည်ဖြစ်ကြောင်း သိရသည်။ (၁၁၇)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကျောက်မဲ ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံအတွင်းမှ တရားမဝင်သစ်များကို တရုတ်နိုင်ငံသို့ ခိုးထုတ်နေကြောင်း သတင်းအရ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မဲခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွေး ခေါင်းဆောင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၇ နာရီခန့်က မန္တလေး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျောက်မဲ အေးရှားဝေါတိုးဂိတ်တွင် စောင့်ဆိုင်းနေစဉ် နောင်ချိုမြို့ဘက်မှ လားရှိုးမြို့ဘက်သို့ ၁၂ ဘီးကား လေးစီးဖြင့် တင်ဆောင်လာသော သစ်မာများကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိလိုက်သော သစ်မာ တန်ချိန်မှာ ၅၉ ဒသမ ၁၈၄ တန်ဖြစ်ပြီး ကာလပေါက်ဈေး ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးခန့်ရှိသည်ဟု သိရသည်။ (၀၉၀)

ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ ကျေးရွာလျှပ်စစ်မီးလင်း

ဝန်းသို ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပေကုန်းအုပ်စု ပေကုန်း-အောင်ချမ်းသာ ကျေးရွာ ၂၄ နာရီ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ပေကုန်းကျေးရွာ၌ကျင်းပရာ ခရိုင်လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်ကျော်အောင်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်းတွင် ပေကုန်း-အောင်ချမ်းသာ ကျေးရွာ၌ အိမ်ထောင်စု ၁၃၄ စုမှ ၁၁၅ စုသည် ငွေကျပ် သိန်း ၅၅၀ ခန့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၉၂)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)
(၂၄)ကြိမ်မြောက် မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားစခန်းနှင့်
ဖြူးမဟာစည်သာသနာ့ရိပ်သာအကျိုးဆောင်အဖွဲ့၊ ဒု-ဥက္ကဋ္ဌကြီး ဦးစိုးမော်(၇၀နှစ်ပြည့်)၏
ဝိဇာတကုသိုလ်တော်အထူးတရားပွဲ

၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၃ ရက်၊ ၂၄-၁-၂၀၁၃ ရက် (ကြာသပတေးနေ့)
အရှင်အဂ္ဂဝရ(ဖြူးမဟာစည်)
M.A, Ph.D(Thesis), INDIA
ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ၊ ဖြူးမဟာစည်ပဓာနနာယကဆရာတော်

၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၄ ရက်၊ ၂၅-၁-၂၀၁၃ ရက် (သောကြာနေ့)
အရှင်နန္ဒောဘာသာဘိဝံသ(ကျိုက်ထိုဆရာတော်)၊ သ.စ.အ ဓမ္မာစရိယ(၁၁)ဘွဲ့ရ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
မြို့မရမ်းချို၊ အောင်သစ္စာကျောင်းတိုက်၊ ကျိုက်ထိုမြို့

၁၃၇၄ခုနှစ် ပြာသိုလပြည့်နေ့၊ ၂၆-၁-၂၀၁၃ ရက် (စနေနေ့)
ဒေါက်တာအရှင်ကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယက၊ ဥက္ကဋ္ဌ
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ
ကမ္ဘာအေးကျောင်းတိုက်၊ ရန်ကုန်မြို့

၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၇-၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ဒေါက်တာအရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်ဆရာတော်)
သာသနာတက္ကသိုလ်ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ
မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၊ သာကေတ၊ ရန်ကုန်မြို့

ဆရာတော်အရှင်မြတ်များမှ ၂၄-၁-၂၀၁၃ ရက် (ကြာသပတေးနေ့)မှ ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) အထိ ငြိမ်းချမ်းရွှေပြည် မြတ်နိဗ္ဗာန်ဆီသို့ရောက်ဖို့ရာ သတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ညစဉ် ၇း၀၀နာရီတွင် ဟောကြားမည်ဖြစ်ရာ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာနောက်ကျောဘက်၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်သို့ တရားတော်နာယူကြည်ညိုကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၄၊ ၀၉-၅၃၉၀၄၁၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးဝါးကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ သက်ဆိုင်ရာ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၊ မကွေးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၃-၂၃၅၇၆၊ ၀၆၃-၂၅၉၃၈တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၁-၂-၂၀၁၃ရက်(သောကြာနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈U₉၊ မြေကွက်အမှတ် ၁၇၂၊ ဧရိယာစတုရန်းပေ (၅၈၆၉)ပေ မြေကွက်အား လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နီနီလွင် ၁၀/မလမ(နိုင်)၁၂၃၀၄၉ထံမှ ဝယ်ယူရန် ကျွန်မ ဒေါ်ကြင်ကြင်စိုး ၉/မနမ(နိုင်)၀၈၂၅၅၅မှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြင်ကြင်စိုး
71/B, မြေညီထပ်၊ ရွှေဘုံသာအောက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၈၀၃၈၊ ၀၉-၅၁၁၈၃၁၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-အီး[၁])၊ မြေကွက်အမှတ်(၈၀-အေ[၃၈])၊ ကျွန်းတော(မြောက်)ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် ၅၇၊ ဧရိယာ ၀ ဒသမ ၀၃၇ဧကရှိနှစ်၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်မင်း ၁၂/စခန(နိုင်)၀၀၂၈၂၀ နှင့် ဒေါ်သင်းသင်းဝေ ၁၂/စခန(နိုင်)၀၅၉၃၇၄တို့ထံမှ လွှဲအပ်သည့်မှတ်ပုံတင် အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၁၂၇/၂၀၁၂(၁၇-၇-၂၀၁၂) အရပိုင်ဆိုင်၍ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ဥပဒေနှင့်အညီတရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှလွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၇၃)
ဒေါ်လွင်မာ(စဉ်-၂၅၆၃၈)၊ ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)၊
ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)၊ ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)၊
ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)
အထက်တန်းရှေ့နေများ
အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း (ဗဟိုလမ်း)၊ အမှတ် (၂၂)အမည်ပေါက် ဦးစံလင်းကြူဟုခေါ်တွင်သော ပေ (၂၃×၄၀)အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်စိန်စိန်ရီ ၁၂/လမန(နိုင်) ၀၆၁၀၇၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေ၊ အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးကြူ M.A, R.L
(စဉ်-၁၉၅၄/၈၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၂၉၄/က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၃၄၅၉

အားကစားသတင်း

MNL ပွဲစဉ် (၄) ကိုကြိုတင်ခံစားခြင်း

ရန်ကုန် ဇန်နဝါရီ ၂၄

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၄)ကို ယခုတစ်ပတ်စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ် (၄)တွင် ပရိသတ်အကြိုက်တွေ့နိုင်သည့် ပွဲကြီးပွဲကောင်းများပါဝင်နေပြီး ဇေယျာရွှေမြေနှင့်ရန်ကုန်၊ ကမ္ဘောဇနှင့်ဧရာဝတီ၊ မကွေးနှင့် မနောမြေတို့ ပွဲစဉ်များဖြစ်သည်။

ယခုတစ်ပတ်၏ အကောင်းဆုံးပွဲနှင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာအတွက် အရေးပါသောပွဲမှာ ဇန်နဝါရီ ၂၆ ရက်တွင် မုံရွာကွင်း၌ ယှဉ်ပြိုင်ကစားမည့် ဇေယျာရွှေမြေနှင့်လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းတို့၏ ပွဲဖြစ်သည်။ အဆိုပါနှစ်သင်းစလုံးမှာ လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲတွင် ရာနှုန်းပြည့်နိုင်ပွဲများ ရရှိထားသည့် အသင်းများဖြစ်ပြီး အမှတ်ပေးဇယားထိပ်ပိုင်းတွင် အပြိုင်ဖြစ်လျက်ရှိသည်။ သုံးပွဲစီကစားအပြီးတွင် သုံးပွဲစလုံးအနိုင်ရရှိကာ ရမှတ်ကိုးမှတ်ဖြင့် အကြိတ်အနယ်ဖြစ်နေပြီး ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရခိုင်ယူနိုက်တက်ကို လေးဂိုး-ဂိုးမရှိ၊ မနောမြေကို နှစ်ဂိုး- တစ်ဂိုးတို့ဖြင့် အနိုင်ရရှိထားသည်။ ထို့အတူ ဇေယျာရွှေမြေအသင်းမှာလည်း ဟံသာဝတီကို တစ်ဂိုး- ဂိုးမရှိ၊ ဇွဲကပင်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆောက်သမ်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် သုံးပွဲစလုံး အနိုင်ရထားသည်။ ရမှတ် ကိုးမှတ်စီရရှိထားသော်လည်း သွင်းဂိုးတွင် ရန်ကုန်က ရှစ်ဂိုး၊ ဇေယျာရွှေမြေက ငါးဂိုးရရှိသည်။ ရန်ကုန်အသင်းက ပေးဂိုး တစ်ဂိုးရှိပြီး ဇေယျာရွှေမြေအသင်းက ပေးဂိုးလုံးဝမရှိသေးပေ။

ယင်းအတွက်ကြောင့် ယခုပွဲမှာ ရန်ကုန်၏ တိုက်စစ်နှင့် ဇေယျာရွှေမြေခံစစ်အားပြိုင်မည့်ပွဲဟု ဆိုရမည်ဖြစ်သည်။ ပြီးခဲ့သည့်ရာသီက ရန်ကုန်နှင့်ဇေယျာရွှေမြေအသင်းတို့မှာ အမှတ်ပေးပြိုင်ပွဲတွင် နှစ်ကြိမ်၊ ရှုံးထွက် ပြိုင်ပွဲတွင် တစ်ကြိမ်တွေ့ဆုံခဲ့ရာ ရန်ကုန်အသင်းက သုံးကြိမ်စလုံးအနိုင်ရရှိထားသည်။ ထို့ကြောင့် ဇေယျာရွှေမြေအသင်းအနေဖြင့် ရှုံးကြွေးပြန်ဆပ်ရန် ကြိုးပမ်းရမည်ဖြစ်သလို နောက်ထပ်စိတ်ဝင်စားစရာ ကောင်းသည့်အချက်မှာ လက်ရွေးစင် တိုက်စစ်မှူး ကျော်ကိုကိုမှာ အသင်းဟောင်းဇေယျာရွှေမြေနှင့် ပြန်လည်တွေ့ဆုံရမည်ဖြစ်သည်။ ကျော်ကိုကိုသည် ယခုရာသီမစမီ ဇေယျာရွှေမြေအသင်းမှ ရန်ကုန်အသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းဟောင်းကို မည်သို့ရင်ဆိုင်မလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ပြီးခဲ့သည့်ရာသီက မုံရွာကွင်း၌ ကစားခဲ့သောပွဲတွင် ဇေယျာရွှေမြေအသင်းမှာ ကစားသမားဟောင်း ရာဇာဝင်းသိန်း သွင်းယူသောဂိုးဖြင့် ရန်ကုန်အသင်းကို ရှုံးနိမ့်ခဲ့ဖူးသည်။

၂၀၁၂ ရာသီက ဇေယျာရွှေမြေနှင့် ရန်ကုန်တို့ မုံရွာကွင်း၌ တွေ့ဆုံခဲ့စဉ်။

ပွဲစဉ် (၃)တွင် ပထမဆုံးနိုင်ပွဲရခဲ့သည့် ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် ဧရာဝတီအသင်းနှင့် ပွဲကျပ်ထပ်မံကစားရမည်ဖြစ်သည်။ ဧရာဝတီအသင်းမှာ သုံးပွဲစလုံး သရေကျထားသောကြောင့် ပထမဆုံး နိုင်ပွဲယူရန် ကြိုးပမ်းမည်ဖြစ်ရာ ကမ္ဘောဇအသင်းအနေဖြင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ကမ္ဘောဇအသင်းမှာ ပြီးခဲ့သည့်ရာသီက ဧရာဝတီကို နှစ်ကျော့စလုံးအနိုင်ကစားထားပြီး ရှုံးထွက် ပြိုင်ပွဲတွင် ဧရာဝတီအသင်းက ပြန်လည်အနိုင်ယူထားသည်။ မကွေးနှင့် မနောမြေတို့၏ ထိပ်တိုက်တွေ့ဆုံမှုကလည်း ပရိသတ်အကြိုက်တွေ့နိုင်သည်။ သုံးပွဲကစား ငါးမှတ်ရရှိထားသည့်မကွေးကစားပုံက တိုးတက်မှုရှိလာသလို မနောမြေကလည်း ပထမဆုံးနိုင်ပွဲအတွက် ကြိုးစားမှာသေချာသည်။

ချန်ပီယံဟောင်း ရတနာပုံအသင်းကလည်း ထိပ်ဆုံးကအသင်းများကို အမီလိုက်ရန်နှင့် ရန်ကုန်- ဇေယျာရွှေမြေတို့၏ ထိပ်တိုက်တွေ့ဆုံမည့် အခွင့်အရေးကို လက်လွှတ်ခံမည်မဟုတ်ပေ။ ရတနာပုံအသင်းမှာ ခြေစွမ်းတက်နေသည့် ဇွဲကပင်နှင့် ကစားရမည်ဖြစ်သည်။တန်းဆင်းဇုန်အန္တရာယ်အတွက် ရှုန်းကန်မည့် ဆောက်သမ်းနှင့် ရခိုင်၊ ဟံသာဝတီနှင့်ပွဲတွင် နိုင်ပွဲရရေး ကြိုးပမ်းမည့်နေပြည်တော်တို့၏ ပွဲများမှာလည်း ပွဲကောင်းများ ဖြစ်လာနိုင်ပါကြောင်း။

သတင်းနှင့်ဓာတ်ပုံ - စိုးညွန့်

ပွဲစဉ် (၄)

၂၆-၁-၂၀၁၃	ဇေယျာရွှေမြေ	- ရန်ကုန်	(မုံရွာကွင်း)
	ဇွဲကပင်	- ရတနာပုံ	(အောင်ဆန်းကွင်း)
	နေပြည်တော်	- ဟံသာဝတီ	(NPT ကွင်း)
	ဆောက်သမ်း	- ရခိုင်	(သုဝဏ္ဏကွင်း)
၂၇-၁-၂၀၁၃	ကမ္ဘောဇ	- ဧရာဝတီ	(KBZ ကွင်း)
	မကွေး	- မနောမြေ	(သုဝဏ္ဏကွင်း)

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်း

ရီးရဲမက်ဒရစ်အသင်းသည် ရှစ်နှစ် ဆက်တိုက် ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်းအဖြစ် ဒီလွိုက်တေးစာရင်းတွင် ဖော်ပြသည်။ ၎င်းကလပ်သည် ယူရိုငွေ သန်း ၅၀၀ အထိ ဝင်ငွေရရှိခဲ့သည်။

၂၀၁၁-၂၀၁၂ ဘောလုံးရာသီဝင်ငွေအပေါ် အခြေခံ တွက်ချက်ခဲ့ရာ ဘာစီလိုနာ၊ မန်ယူ၊ ဘိုင်ယန်မြူးနစ်နှင့် ချယ်လ်ဆီးတို့သည် ထိပ်တန်း ဝင်ငွေအကောင်းဆုံး ကလပ်များဖြစ်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ်နှင့်အက်ဖ်အေဖလား ရပြီးနောက် ဝင်ငွေမြင့်တက်ခဲ့သည်။ မန်စီးတီးက ဝင်ငွေ ၂၈၆ သန်းရပြီး နံပါတ် ၇ တွင် ရပ်တည်နိုင်ခဲ့သည်။

ဆွမ်ဆီးက ချယ်လ်ဆီးကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ကက်ပီတယ်ဝမ်း အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ဆွမ်ဆီးနှင့်ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေကျပြီး ဆွမ်ဆီးတို့ ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ချယ်လ်ဆီးအသင်းမှ ဟာဇက် မိနစ် ၈၀ တွင် အနီကတ်ပြ ထုတ်ပယ်ခံရသည်။

ဆွမ်ဆီးတို့ ပထမအကျော့တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့၍ နှစ်ကျော့ပေါင်းရလဒ်ကြောင့် ဆွမ်ဆီးတို့ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ဆွမ်ဆီးအသင်းနှင့် ဘရက်ဖို့ဒ်တို့သည် ဝင်ဘလေကစားကွင်း၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

တရုတ်တင်းနစ်မယ်လီနာ ဗိုလ်လုပွဲတက်ပြီ

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကျင်းပလျက်ရှိရာ တရုတ်တင်းနစ်မယ်လီနာက မာရီယာရှာရာပိုဗာအား ၆-၂၊ ၆-၂ ဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ ရှာရာပိုဗာသည် ယခုနှစ် ဖလားဆွတ်ခူးရန် ရေပန်းစားခဲ့သော်လည်း တရုတ်တင်းနစ်မယ်လီနာကို ရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ၂၀၁၁ ခုနှစ် ပြင်သစ်အိုးပင်းချန်ပီယံ လီနာသည် ဆီရီနာဝီလျံကို အနိုင်ရရှိသွားသော အမေရိကန်သူ စတီဖန်း သို့မဟုတ် လက်ရှိချန်ပီယံ အဇာရင်ကာနှင့် စနေနေ့တွင် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်နိုင်
Grammar & Essay ရေး သင်တန်း
01 252 919, 09 430 85283

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကောင်းမြတ်သူ - **ရေးသည်**

ဂုဏ်မြင့်သူ
YE NOON & ASSOCIATES (Law Firm)

ပါရမီရှင်များသို့

တောဘုရားထီးတင်ပွဲ ရှိးရှိးလေးပါ။ တိုက်ကြီးက ဂျိုးဖြူဆရာတော် (အဖေကြီး ဦးအေးဖေ M.A, B.L) ကိုယ်တော်တိုင်ကြွရောက်ပြီးထီးတော်တင်ပေးမှာပါ။ မြေးအဆိုတော် ကော်ပရာ၊ ခင်မဥ္ဇူနိုင်(မြလေး)နှင့် အနုပညာရှင်များက သာခုသောက်ရေကန်ကြီး ဆယ်ရာမှာ ဆိုကြ၊ ကကြ၊ ဖျော်ဖြေကြပါမည်။

ဘုရားအမ (မြို့မတင်ဦးခိုင်၊ မမခိုင် မြန်မာစာ M.A)က
(၁) မြစ်ဆုံရွာတွင် တည်ထားခဲ့သော ဘုရားကို ပြုပြင်မွမ်းမံရန်
(၂) အုတ်မြစ်ချထားခဲ့သော အနာဂါမ်ဆရာသက်ကြီးတန်ဆောင်းရှေ့မှ ဘုရားကို ဆက်လက်တည်ရန်
(၃) အပြည်ပြည်ဆိုင်ရာ ဝိပဿနာတရားစခန်း တည်ဆောက်ရန်တို့ကို ဆွေးနွေးမည် ဖြစ်ပါ၍ ကြွရောက်ကြပါရန် သာခုကန်ကျောင်း၊ ပျော်ဘွယ်ကြီးကျေးရွာ (ဒလဘက်ကမ်းသို့) ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကြွရောက်ကြပါရန်
ဖုန်း-၀၉-၇၃၀၅၄၆၈၆

ခြံရောင်းမည်

အမှတ်(၃)၊ လမ်းမကြီးအနီး၊ MA-MEE စက်ရုံရှေ့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်၊ ရွှေစေတီ(၂)လမ်း၊ ပေ (၅၀×၁၀၀)၊ ငွေကျပ်သိန်း ၃၂၀
ဖုန်း-၀၉-၇၃၂၃၃၅၇၀၊ ၀၉-၇၃၂၂၅၃၇၄

ကားရောင်းမည်

Nissan Condor
MK-25A,2003
6920 cc, 240 lakh
ph-09-5124765

ကြက်မျှားအလက (၁၆)ကြိမ်မြောက်
အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စဉ့်ကိုင်မြို့နယ်၊ ကြက်မျှားရွာ အလကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြမည်ဖြစ်၍ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၇-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၁၀နာရီ
နေရာ ။ ။ အလက ခန်းမ၊ ကြက်မျှားရွာ

ကျင်းပရေးကော်မတီ
ဖုန်း-၀၆၆-၄၀၀၅၂၊၀၉-၄၀၂၅၁၁၀၁၉

အများသိစေရန်

မမေမြတ်မွန် ၁၂/ဗဟန(နိုင်)၀၈၀၈၈၀ သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် မမေမြတ်မွန်၏ စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးမှစ၍ ကိစ္စအဝဝမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးသိန်း ၁၂/ဗဟန(နိုင်)၀၆၅၁၃၅
ဒေါ်ခင်စန်းကြည် ၁၂/ဗဟန(နိုင်)၀၆၇၇၈၈
တိုက် ၇၂၊ စီ(ခုနစ်လွှာ)၊ ၁၆၅လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်

လာလီဂါပွဲစဉ်(၂၁)မှာ ရီးရဲမက်ဒရစ်တို့နိုင်ပွဲဆက်နိုင်ပါ့မလား

စပိန်လာလီဂါပွဲစဉ်(၂၁)ကို ဇန်နဝါရီ ၂၆၊ ၂၇ နဲ့ ၂၈ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာတို့က ဒုတိယနေရာက အက်သလက်တီကိုနဲ့ပွဲတူ ရှစ်မှတ်ကွာအောင်ဖြတ်ထားနိုင်ပြီး နိုင်ပွဲတွေပြန်လည်ရရှိအောင် ကြိုးစားနေပါတယ်။ တန်းဆင်းဇုန်အတွင်းက အသင်းတွေကလည်း ရမှတ်တွေမတိမ်းမယိမ်းဖြစ်နေတာမို့ အပြိုင်အဆိုင်ရုန်းထွက်ဖို့ ကြိုးစားနေချိန်မှာ ဒီတစ်ပတ်အတွက်တော့ ဘယ်အသင်းတွေ အမှတ်ပြည့်ရယူစုဆောင်းနိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။

ဘာစီလိုနာနှင့် အိုဆာစူနာ

ပြီးခဲ့တဲ့ပွဲစဉ် (၂၀)မှာ ရီးရဲဆိုစီဒက်တို့က ဘာစီလိုနာရဲ့ နိုင်ပွဲတွေရပ်တန့်အောင် အံ့အားသင့်စရာ သင်ခန်းစာပေးမှုနဲ့ ကြုံထားရတာမို့ ဘာစီလိုနာတို့ဟာ ဒီပွဲမှာတော့ အိမ်ကွင်းဖြစ်ပေမယ့် အလေးထားကစားပါလိမ့်မယ်။ အိုဆာစူနာရဲ့ တန်းဆင်းဇုန်အတွင်းက လွတ်မြောက်ဖို့အား ကုန်ထုတ်မှုနဲ့ ရင်ဆိုင်ရနိုင်ပေမယ့် ဘာစီလိုနာတို့ ဒီပွဲမှာတော့ ပေါ့ပေါ့ဆဆကစားတော့မှာ မဟုတ်ပါဘူး။ အိုဆာစူနာတို့က ခံစစ်ကြောင်း လုံအောင်တည်ဆောက်ပြီး ဘာစီလိုနာကို ခုခံပါလိမ့်မယ်။ ဒီပွဲမှာတော့ အိမ်ရှင်တွေ အမှတ်ပြည့်ယူပြီး ခရီးဆက်နိုင်မှာဖြစ်ပါတယ်။

ဘီလ်ဘာအိုနှင့် အက်သလက်တီကို

အက်သလက်တီကိုတို့ အမှတ်ပြည့်ရရှိရေးလိုအပ်နေတာမို့ ဘီလ်ဘာအိုကွင်းမှာ ရင်ဆိုင်ရပေမယ့် ခက်ခဲတဲ့ပွဲစဉ်ဖြစ်နေပါတယ်။ ဘီလ်ဘာအိုဟာခံစစ်ကြောင်း ဖရိုဖရဲဖြစ်နေတာကို မပြုပြင်နိုင်ရင်တော့ အက်သလက်တီကို တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုကို ဟန့်တားနိုင်ဖို့ ခဲယဉ်းနေပါလိမ့်မယ်။ နောက်ဆုံးငါးပွဲမှာ ရှုံးပွဲတစ်ပွဲသာရှိထားပြီး နိုင်ပွဲတွေယူထားနိုင်တဲ့ အက်သလက်တီကိုဟာ ခြေစွမ်းကျရိပ်ထိုးနေတဲ့ ဘီလ်ဘာအိုကို အဝေးကွင်းမှာ အမှတ်ပြည့်ယူပြီး အိမ်ပြန်ပါလိမ့်မယ်။

ရီးရဲမက်ဒရစ်နှင့် ဂီတာဖေး

နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင်နိုင်ပွဲတစ်ပွဲမှ မရရှိထားတဲ့ ဂီတာဖေးတို့ အခုပွဲ ရီးရဲမက်ဒရစ်ကွင်းမှာ ကစားရမှာမို့ အနိုင်ရလဒ်ကို မျှော်လင့်ဖို့တော့ ခက်ခဲနေပါဦးမယ်။ ဒီနှစ် လာလီဂါဖလားကို ရယူရေးအလှမ်းဝေးနေတဲ့ ရီးရဲမက်ဒရစ်ဟာ ပွဲတိုင်းအနိုင်ရရှိရေးအတွက်တော့ နည်းပြမော်ရင်ဟို သေသေချာချာ ဗျူဟာခင်းကျင်းနေပါတယ်။အဆုံးသတ်ပိုင်းမှာ သပ်ရပ်မှုအားနည်းတတ်တဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဗလင်စီယာကို ငါးဂိုးသွင်းယူထားနိုင်ခဲ့တာမို့ ဒီပွဲမှာလည်း ရသမြောက်ဂိုးတွေ သွင်းယူပြနိုင်ဦးမလားဆိုတာ ကြည့်ရမယ့်ပွဲပါပဲ။

ဗယ်လီကာနိုနှင့် ဘက်တစ်

ခြေစွမ်းတူညီတဲ့နှစ်သင်း ထိပ်တိုက်ဆုံတွေ့ကြတဲ့ပွဲပါပဲ။ ဘက်တစ်က ပြီးခဲ့တဲ့ပွဲမှာ ဘီလ်ဘာအိုနဲ့ သရေပွဲဖြစ်ထားသလို ဗယ်လီကာနိုတို့ကလည်း ဂရန်နာဒါကို ရှုံးပွဲကြုံထားပါတယ်။ ဗယ်လီကာနိုဟာ အိမ်ကွင်းမှာ ကစားရခက်တဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်အသင်းကို ကောင်းကောင်းတုံ့ပြန်နိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ဘက်တစ်ဟာဗယ်လီကာနိုထက် ခံစစ်ပိုင်း ခပ်ပါးပါးသာပေမယ့် ဗယ်လီကာနိုတို့က ဒီပွဲမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားမှာမို့ ပရိသတ်တွေအတွက် ရသမြောက်တဲ့ပွဲအဖြစ် မြင်တွေ့ရပါလိမ့်မယ်။

မာယော့ကာနှင့် မာလာဂါ

သရေပွဲ၊ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ မာလာဂါတို့အတွက် ခြေပျက်နေတဲ့ မာယော့ကာရဲ့ကွင်းမှာ ကစားရမှာမို့ အမာခံကစားသမားတွေနဲ့ ပွဲထုတ်ကစားရင်တော့ အခြေအနေကောင်းနိုင်ပါတယ်။ ဒီနှစ်လာလီဂါမှာ ခိုင်မာတောင့်တင်းမှုအရှိဆုံးခံစစ်ကို ပိုင်ဆိုင်ထားတဲ့ မာလာဂါကို အိမ်ရှင်မာယော့ကာ တိုက်စစ်မှူးတွေ ကျော်ဖြတ်ဂိုးသွင်းဖို့ဆိုတာ ခက်ခဲပင်ပန်းရဖွယ် ရှိနေပါတယ်။ ဒီပွဲမှာ ဧည့်သည်မာလာဂါကို အလှည့်ပေးချင်စိတ် ဖြစ်နေမိတာအမှန်ပါပဲ။

ဒီပို့တီဗိုနှင့် ဗလင်စီယာ

တန်းစီဇယားအောက်ဆုံးကို ကျရောက်နေတဲ့ ဒီပို့တီဗိုဟာ ဒီပွဲမှာလည်း ဗလင်စီယာထံက မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်တဲ့အခြေအနေပါပဲ။ ပြီးခဲ့တဲ့ ပွဲစဉ်မှာ ရီးရဲမက်ဒရစ်ကို ငါးဂိုးပြတ်ရှုံးခဲ့လို့ ဒီပွဲမှာတော့ ဗလင်စီယာတို့ ပေါက်ကွဲပါလိမ့်မယ်။ ဒီပို့တီဗိုဟာ ခံစစ်ပိုင်း အားနည်းချက်ရှိတာ မှန်ပေမယ့် ဗလင်စီယာရဲ့ တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ ဗလင်စီယာတို့ မျှော်လင့်ချက်ပြည့်ဝဖို့အတွက်တော့ ခက်ခက်ခဲခဲကြိုးစားရပါလိမ့်မယ်။

လီဗန်တေးနှင့် ဗယ်လာဒိုးလစ်

ခြေစွမ်းမတည်ငြိမ်ဖြစ်နေပြီး ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေတဲ့ လီဗန်တေးဟာ အနိုင်ပွဲဆက်တွေ ရယူနိုင်နေတဲ့ ဗယ်လာဒိုးလစ်ကို အိမ်ကွင်းမှာ လက်ခံကစားရပေမယ့် စိုးရိမ်စိတ်တွေဝေနေမှာ အမှန်ပါပဲ။ နှစ်သင်းစလုံး တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်တဲ့ အသင်းတွေဖြစ်တာမို့ အမှားအယွင်းများတဲ့ အသင်းဟာ သောကများရမယ့် ကိန်းဆိုက်မှာဖြစ်ပါတယ်။ ဧည့်သည် ဗယ်လာဒိုးလစ်က အကြိုက်တွေ့စရာဖြစ်ပေမယ့် အိမ်ရှင်လီဗန်တေးရဲ့ နိုင်ပွဲ ပြန်စယူမယ့်ရုန်းကန်မှုကလည်း အသိအမှတ်ပြုစရာဖြစ်နေပါတယ်။

မိုးမြင့်လင်းလက် - ရေးသားသည်

နိုင်ငံတကာအားကစား

အားကစားသတင်း အတိုအထွာ

- ကျူဗီအာအသင်းသည် ဘလက်ဘန်းနောက်ခံလူ အသက် ၂၄ နှစ်အရွယ်ရှိ မာတင်အိုဆင်အား ခေါ်ယူစာချုပ်ရန် ကြိုးစားလျက်ရှိသည်။
- လီဗာပူးအသင်းသည် အင်တာမီလန်နောက်ခံကစားသမား ကူတင်ဟိုအား စာချုပ်နိုင်ရေး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- မန်ယူအသင်းသည် ဆဲလ်တစ်အသင်းမှ ကွင်းလယ်ကစားသမား အသက် ၂၁ နှစ်အရွယ်ရှိ ဝမ်ယာမာအား နွေရာသီအပြောင်းအရွှေ့ကာလ၌ ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းပေးခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- အက်စ်ပန်ညိုအသင်းမှ ဘောလုံးသမားသုံးဦးခန့်ကို ဆောက်သမ်တန်နည်းပြပိုချီတီနိုက ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- လီဗာပူးဂိုးသမား အသက် ၃၀ အရွယ်ရှိ ရေးနာသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ဖီအိုရင်းတီးနားအသင်း တိုက်စစ်မှူး အသက် ၂၃ နှစ်အရွယ်ရှိ စကီဗင်ဂျိုဗီတစ်အား အာဆင်နယ်က ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ပေး၍ ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ဘာမင်ဂမ်အသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ ဂိုးသမား ဂျက်ဘက်လန်အား ယခုလကုန်၌ အသင်းမှထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ယင်းအသင်းမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။
- နော့တင်ဟမ်အသင်းသည် မီဝေါလ်တိုက်စစ်မှူး ဟန်ဒါဆင်အားခေါ်ယူစာချုပ်ရန် နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ဝက်စ်ဘရွန်းနောက်ခံလူ အသက် ၂၂ နှစ်အရွယ်ရှိ ဒေါ်ဆင်အား ဘော်လ်တန်နှင့် ဖီအိုရင်းတီးနားအသင်းတို့က ခေါ်ယူနိုင်ရေး အပြိုင်ကြိုးစားလျက်ရှိသည်။
- မန်ယူအသင်းသည် ဘင်ဖီကာအသင်းမှ နောက်ခံလူ အသက် ၂၆ နှစ်အရွယ်ရှိ ဂါရေးအားခေါ်ယူစာချုပ်ရန် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ကျူဗီအာနှင့် စပါးအသင်းတို့မှ ခေါ်ယူရန်ကြိုးစားနေသော ကွင်းလယ်ကစားသမား အမ်ဗီလာက ရုရှားကလပ် ကာဇန်အသင်းသို့သာ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ချယ်လ်ဆီးနောက်ခံလူ အသက် ၂၇ နှစ်အရွယ်ရှိ ကာဟေးက ယခုနှစ်ပရီမီယာလိဂ်ဖလားရယူရေးအတွက် မန်ယူအသင်းရရှိရန် မသေချာကြောင်း၊ မိမိတို့သည်လည်း ဖလားရယူနိုင်သည့်အခွင့်အလမ်းရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းအား ရက်ထပ်မံတိုးမြှင့်ခြင်း

၁၅-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ၂၁-၁-၂၀၁၃ရက် နောက်ဆုံးဖိတ်ခေါ်ခြင်းအစား ၂၉-၁-၂၀၁၃ ရက်အထိ ရက်ထပ်မံတိုးမြှင့်ပါသည်။

ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများနှင့် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများအား လျှောက်လွှာတင်သွင်းခွင့်ပြုခြင်း

၂၀၁၃-၁၄ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ရာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကိုယ်ပိုင်ကျောင်းတည်ထောင်ဖွင့်လှစ်လိုသူများ၊ ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားလိုသူများသည် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၈ရက်မှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေး၊ ညွှန်ကြားရေးမှူးရုံးများတွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လျှောက်လွှာနှင့် ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာများကို ထုတ်ယူနိုင်ပြီး ဖေဖော်ဝါရီ ၈ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် ၂၀၁၂-၁၃ ပညာသင်နှစ်တွင် တစ်နှစ်စမ်းသပ်ဖွင့်လှစ်ခွင့်ရရှိခဲ့သည့် ကိုယ်ပိုင်ကျောင်းများသည်လည်း ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် လျှောက်လွှာများကို အသစ်ထပ်မံတင်သွင်းရမည် ဖြစ်ပါသည်။

ကိုကိုတင်
ညွှန်ကြားရေးမှူးချုပ်
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း (၁၅)ကြိမ်မြောက် သက်ကြီး၊ ဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲ

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း (၁၅)ကြိမ်မြောက် သက်ကြီး၊ ဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက် - **၂၆-၁-၂၀၁၃ရက်(စနေနေ့)**
အချိန် - **နံနက် ၉နာရီတိတိ**
နေရာ - **အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ**

အလှူငွေထည့်ဝင်လိုသူများသည် အလှူငွေများကို အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်တို့သို့ ထည့်ဝင်ကြပါရန်နှင့် အခမ်းအနားကျင်းပသည့်နေ့ ကံစမ်းမဲအစီအစဉ်အတွက် လှူဖွယ်ပစ္စည်းများကို ယခင်နှစ်များနည်းတူ ယူဆောင်လာနိုင်ကြပါရန်။

ပူဇော်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့

ရောင်းရန်

ချစ်စရာကောင်းသော Rottweiler သားပေါက်ကလေးများ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၇၃၀၅၄၇၃၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အောက်ပါရုံးတစ်လုံးအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အရည်အသွေးကောင်းမွန်စွာ ဈေးနှုန်းအနည်းဆုံးဖြင့် ဆောက်လုပ်ပေးစေလိုပါသည်။

(က)	**တည်ဆောက်ရေးလုပ်ငန်းအမည်**	- ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနရုံး တစ်ရုံး ဆောက်လုပ်ခြင်း
(ခ)	**အဆောက်အအုံအမျိုးအစား**	- သံကူကွန်ကရစ်(RC)တစ်ထပ်၊ သွပ်မိုး၊ အင်္ဂတေခင်း (ပေ၄၀×၃၂ပေ)ခုံတုံး(၁)ပေ မြှင့်ခြင်းနှင့် မြေညှိ မြေဖြတ်ခြင်းများ အပါအဝင်
(ဂ)	**နောက်ဆက်တွဲလုပ်ငန်း**	- အတွင်းရေ၊ အတွင်း မီးဆက်သွယ်ခြင်း လုပ်ငန်း
(ဃ)	**လုပ်ငန်းဆောက်လုပ်မှု အစီအစဉ်**	- ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပင်မအဆောက်အအုံ ရာခိုင်နှုန်း၂၀ ဆောက်လုပ်ခြင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပင်မအဆောက်အအုံ ရာခိုင်နှုန်း ၈၀ ဆောက်လုပ်ခြင်းနှင့်နောက်ဆက်တွဲ အတွင်းရေ၊ အတွင်းမီး ဆက်သွယ်ခြင်း

၂။ ဆောက်လုပ်လိုသည့် လုပ်ငန်းရှင်များသည် ဆောက်လုပ်မည့်အဆောက်အအုံပုံစံ (အင်ဂျင်နီယာတွက်ချက်မှုပုံစံ)အသုံးပြုမည့်ပစ္စည်း အသေးစိတ်တွက်ချက်မှုစာရင်းတို့ ပါဝင်သည့် အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၂၅-၁-၂၀၁၃ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံးသို့ ပေးပို့တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး ဖုန်း-၀၈၁-၄၆၅၁၇၊ ၀၈၁-၄၆၅၁၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်းလမ်းမကြီး၊ အမှတ် ၁၂နေ ဦးကျော်ကျော် ၁၂/စခန(နိုင်)၀၂၉၅၅၂၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကျွန်တော်၏မိတ်ဆွေ ဦးကျော်ကျော်သည် ၂၁-၁-၂၀၁၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရိုးမရိပ်သာလမ်း၊ တိုက်အမှတ် ၆၃၅၊ ပထမထပ်၊ အခန်းအမှတ်(A-1)အား ပိုင်ဆိုင်သူ ဦးစိုးမင်းဟန် ၁၂/ဗဟန(နိုင်)၀၇၇၁၄၆၏ (၂၂ပေ×ပေ၇၀) အကျယ်အဝန်းရှိတိုက်ခန်းအား ဝယ်ယူရန် စရန်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါပြီး ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်စိုး (LL.B)
(စဉ်-၂၈၇၅)
တရားလွှတ်တော်ရှေ့နေ
အခန်း ၂၀၃၊ ဒုတိယထပ်၊ အမှတ် ၅၆၃၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၇၃၁၄၈၅၃၆

တိုးမြှင့်ပင်စင်လစာ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင်နှင့် အထူးနှစ်ပြည့်ပင်စင် ခံစားနေပြီဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁ရက်တွင် နိုင်ငံတော်က ပင်စင်လစာငွေကို တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားရန် ကျန်ရှိနေသော ပင်စင်စားများသည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ၃၀-၁-၂၀၁၃ရက် နောက်ဆုံးထား၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)နှင့် နေပြည်တော်(တပ်ကုန်း)ရုံးများသို့ လာရောက်ဆက်သွယ် လျှောက်ထားနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
နေပြည်တော်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၅

စိစစ်ရေးမှူး-၂ နှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးမှု အောင်မြင်သူများစာရင်း ကြေညာခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် စိစစ်ရေးမှူး-၂နှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးမှုအောင်မြင်ပြီး ရွေးချယ်ခံရသူများ၏ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ခုံအမှတ်၊ ကပတ-၁၊ ကပတ-၂၅၊ ကပတ-၂၆၊ ကပတ-၃၉၊ ကပတ-၅၁၊ စစတ-၁၁၈၊ စစတ-၁၂၀၊ စစတ-၁၉၀၊ စစတ-၂၁၄၊ စစတ-၂၆၆၊ စစတ-၂၇၈၊ စစတ-၃၆၅၊ စစတ-၃၇၁၊ စစတ-၃၉၂၊ စစတ-၄၉၁၊ စစတ-၄၉၇၊ စစတ-၄၉၈၊ စစတ-၄၉၉၊ စစတ-၅၀၆၊ စစတ-၅၀၉၊ စစတ-၅၃၆၊ စစတ-၅၇၉၊ စစတ-၅၈၅၊ စစတ-၆၀၄၊ စစတ-၆၇၇၊ စစတ-၇၀၅၊ စစတ-၇၆၆၊ စစတ-၇၇၅၊ စစတ-၈၁၁၊ စစတ-၈၄၂၊

၂။ ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန ရုံးအမှတ် ၃၂၊ နေပြည်တော်တွင် ၂၅-၁-၂၀၁၃ရက်မှစ၍ ကြေညာထားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအနေဖြင့် ၃၀-၁-၂၀၁၃ရက်နှင့် ၃၁-၁-၂၀၁၃ရက်များတွင် ရုံးချိန်အတွင်း သတင်းပို့ကြရမည်ဖြစ်သည်။

စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊
ဖုန်း-၀၆၇-၄၀၆၀၆၆၊ ၀၆၇-၄၀၆၁၁၄

ကြော်ငြာ

Gong Xi Fa Cai 2013
恭喜发财
ရင်ခုန်ပျော်ရွှင်
CAR
တစ်ဒါဇင်
၁၃၀ ဆု
၁၃၀ ဆု
၁၀၀ ဆု
၁၅၀ ဆု
၅၀ ဆု
AROMA GUSTO
MIKKO
3 in 1
INSTANT
COFFEEMIX
ပေါက်မဲများအား (၃၁.၅.၂၀၁၃) နောက်ဆုံးထားပြီး ထုတ်ပေးမည်ဖြစ်ပါသည်။
HOT LINE : 01-546534(YGN)
081-2121121(TGI)
02-5153565(MDY)
မှတ်ချက်။ ။ သတ်မှတ်ရက်ထက်ကျော်လွန်သော ဆုမဲများအား ထုတ်ပေးမည်မဟုတ်ပါ။

မန္တလေးနှင့် အထက်မြန်မာပြည်သတင်းများ

မန္တလေးမြို့တွင်ကုန်တင်ဂိတ်များကို မဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့လျှင် ကုန်ဈေးနှုန်း မြင့်တက်လာနိုင်

မန္တလေး ဇန်နဝါရီ ၂၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြရွှေပြည်ကုန်တင်ရပ်နားစခန်း (ကျွဲဆည်ကန်ကားကွင်း)မှ အမရပူရမြို့နယ် ပြည်ကြီး မင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်ဘုရားအရှေ့ဘက်)သို့ ဖေဖော်ဝါရီ ၅ ရက် မှ ၁၅ ရက်အတွင်း ပြောင်းရွှေ့မှုနှင့် ပတ်သက်၍ ပြောင်းရွှေ့လျှင် အဆင်မပြေမှုများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတသို့ ဇန်နဝါရီ ၁၉ ရက်က အသနားခံစာတင်ဖြစ်ကြောင်း၊ မြို့တော်ဝန်၏ ပြောင်းရွှေ့ခိုင်းမှုကို အသင်းသားတို့က သဘောတူညီစွာ ကန့်ကွက်ရှုတ်ချထားကြောင်း၊ ယခင် ဇူလိုင် ၂၃ ရက်က တင်ပြခဲ့သော တစ်ခန်းလျှင် ငွေကျပ် သိန်း ၂၅၀ မှ ၃၀၀ အတွင်း အရစ်ကျဝယ်ယူခြင်းနှင့်အခန်း တစ်ခန်းလျှင် တစ်လအတွက် ငွေကျပ် တစ်သိန်းခွဲ သတ်မှတ်ပေးပါရန် မန္တလေး တိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းသားများက တောင်းဆိုထားကြောင်း၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်က မွန်းတည့်နေဂျာနယ်သို့ တရားဝင်ပြောကြားသည်။

"ကျွန်တော်တို့က မန္တလေးမြို့တော်စည်ပင်ရဲ့စီမံကိန်းကို ဖျက်ခိုင်းတာမဟုတ်ပါဘူး။ မပြောင်းရွှေ့ချင်တာလည်း မဟုတ်ပါဘူး။ ပြောင်းရွှေ့ရမယ်ဆိုရင် အားလုံးအဆင်ပြေနိုင်တဲ့ ဈေးနှုန်းအတိုင်း ဆောင်ရွက်ပေးစေချင်တာဖြစ်ပါတယ်။ အခန်းတွေက ကုန်ဂိတ်လုပ်ဖို့ အဆင်မပြေပါဘူး။ ကုန်တင်ယာဉ်တွေရပ်စရာနေရာလည်း မရှိပါဘူး။ မြို့ထဲကိုကုန်စည်တွေခေါက်တို ကားနဲ့ပြန်ပြီးသယ်ယူရမှာဖြစ်လို့ မလိုအပ်တဲ့ကုန်ကျမှုပိုမိုများပြားလာပြီး စားသုံးသူပြည်သူများအတွက် အမှန်တကယ်နစ်နာကာ ဝန်ထုပ်ဝန်ပိုးဖြစ်လာမှာ သေချာပါတယ်။ ကုန်ဈေးနှုန်းလည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။ ကျွဲဆည်ကန်ကားကွင်းသို့ မြို့ထဲကို ခေါက်တို ကားတစ်ခေါက်လျှင်ငွေကျပ် ၁၅၀၀၀ မှ ၁၈၀၀၀ ထိရှိပါတယ်။ နေ့စဉ်ခေါက်တိုကားတစ်စီး ခေါက်ရေအနည်းဆုံး သုံးခေါက်ရပါတယ်။ အခုပြောင်းရမယ့်နေရာနဲ့ မြို့ထဲဆိုရင် ခေါက်တိုကားခက ငွေကျပ် ၃၀၀၀၀ မှ ၃၅၀၀၀ ထိဖြစ်လာမှာ ဖြစ်ပါတယ်။ တန်ဖိုးနည်းဆိုသော်လည်း တစ်ခန်းကို ငွေကျပ်သိန်း ၇၀၀ နဲ့ ငှားခက တစ်ခန်းကို တစ်လလျှင် ငွေကျပ် သုံးသိန်းဖြစ်တာကြောင့် ဘယ်ဂိတ်ကမှ မဝယ်နိုင်၊ မငှားနိုင်ပါဘူး၊ အဲဒီကားကွင်းထဲမှ ကုန်တင်ဂိတ်နဲ့ မပတ်သက်လည်း လေးထပ်တိုက်နဲ့ သုံးထပ်တိုက်တွေကို ဆောက်ပြီးရောင်းနေပါတယ်။ အခန်းဆောက်လုပ်မှုလမ်းဖောက်၊ မီးသွယ်တွေ ပါတင်ပြီး ရောင်းချနေပါတယ်။ ယခု ခေတ်ဈေးနဲ့ ကန်ထရိုက်ပေး ဆောက်လုပ်လျှင် တစ်ခန်းကို ကျပ်သိန်း ၂၀၀နဲ့ ဆောက်နိုင်ပါတယ်။ ကုန်တင်ဂိတ်တွေကို မန္တလေး စည်ပင်က မြို့တွင်းမှမြို့အပြင် ရတနာပုံကားကွင်း၊ ရတနာပုံကားကွင်းမှ ကျွဲဆည်ကန်ကားကွင်း၊ ကျွဲဆည်ကန်ကားကွင်းမှ ပြည်ကြီးမင်္ဂလာကုန်တင်ကားကွင်းသို့ အလီလီအခါခါ ပြောင်းရွှေ့နိုင်၍ ဂိတ်စခန်းများဆက်နေကြရသော်လည်း ပိုင်ဆိုင်မှုတစ်စုံတစ်ရာ မရှိခဲ့ပါဘူး။ အလုပ်သမားတွေရဲ့ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေးများ အဆင်မပြေနိုင်ပါဘူး။ ကုန်တင်ယာဉ်ဂိတ်များမှာ အလုပ်သမားနှစ်ထောင်ကျော် သက်မွေးဝမ်းကျောင်းပြုနေရပါတယ်" ဟု ၎င်းက ပြောပါတယ်။

တောင်းဆိုထားသော ဈေးနှုန်းဖြင့် ဝယ်ယူမည့်သူ ၁၁၉ ဦးနှင့် အခန်းငှားမည့်သူ ၇၉ ဦးရှိသည်။ ပထမအကြိမ် ဆောက်လုပ်ခဲ့သည့် ၂၅ ပေ ၊ ပေ၆၀ အခန်းတစ်ခန်းလျှင် ကျပ်သိန်း ၁၃၅၀ ဖြစ်သဖြင့် တစ်ပေ ပတ်လည်လျှင် ကျပ် ၄၅၀၀၀ ရှိသည်။ ဒုတိယအကြိမ်တန်ဖိုးနည်း ပေ၂၀×၃၅ ပေ မြေညီထပ်နှင့် ပေ၂၀×ပေ၄၀ (အထပ်) က ကျပ်သိန်း ၁၇၀၀ ဖြစ်သဖြင့် တစ်ပေပတ်လည်လျှင် ကျပ် ၄၆၆၆၆ သို့ ကျနေပါတယ်။

ဇန်နဝါရီ ၇ ရက်က ဆောက်/ထိန်းဌာနမှူး ဦးမျိုးအောင်ဖြေကြားခဲ့သည်မှာ "အဆင့်မြင့် တန်ဖိုးနည်းတိုက်ခန်းကို တစ်ပေပတ်လည်လျှင် ကျပ် ၂၂၅၀၀ ဖြစ်ပြီး အဆိုပါကုန်တင်ယာဉ် ဂိတ်စခန်းကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကုမ္ပဏီ ၁၅ ခုမှ တည်ဆောက်ကာ ၁၅ ပေ× ပေ ၆၀ အခန်း ၁၅၀ နှင့် ပေ၂၀× ပေ ၄၀ အခန်း ၁၃၉ ခန်း စုစုပေါင်း၂၈၉ ခန်း ပါဝင်ကာ မြေဧရိယာ ၂ ဒသမ ၀၈ ဧက ပေါ်တွင် တည်ဆောက်ထားသည်။

မန္တလေးစည်ပင်က မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုလျော့နည်းလာစေရန်နဲ့ ကား ကြီးဂိတ်အတွင်းပိတ်ဆို့မှု လျော့နည်းစေရန်ရည်ရွယ်၍ ပြောင်းရွှေ့ခိုင်းသော်လည်း လုပ်ဆောင်မှုလွဲမှားနေပါတယ်။ ကျွဲဆည်ကန်ကားကွင်းမှာ အမှန်တကယ် ယာဉ်ပိတ်ဆို့မှု ဖြစ်နေတာ Express တွေဖြစ်ပါတယ်။ ကားကြီးကွင်းရဲ့ သုံးပုံတစ်ပုံခန့်နေရာယူထားတဲ့ ချမ်းမြရွှေပြည် ဟိုတယ်နှင့်စင်တင် တေးဂီတကတော့ ရှိနေဆဲဖြစ်ပါတယ်။ ကားကြီးကွင်းမှာ ဝင်ကြေးနဲ့ သတ်မှတ်ကြေးမျိုးစုံ ကောက်ခံမှု နေ့စဉ်ရှိသော်လည်း ရငွေ သုံးငွေရှင်းတမ်းမရှိသလို ပတ်ဝန်းကျင်နဲ့ ဂိတ်အတွင်း လမ်းတွေက လကမ္ဘာပေါ်မှာ မောင်းနေရသလိုဖြစ်ပါတယ်။ ကားဂိတ်တွေနဲ့ ဂိုဒေါင်တွေက ကျွဲဆည်ကန် ဝန်းကျင်မှာဖြစ်ပါတယ်"ဟု ဂိတ်ပိုင်ရှင် တစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကို ကုန်တင်ဂိတ်လုပ်ငန်းရှင်များနှင့် ယာဉ်ပိုင်ရှင်များ ၁၉၂ ဦး စုစည်းပြီး ၂၀၁၂ ခုနှစ် မေ ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

စေတီသစ်တည်ထားကိုးကွယ်ရန် မြေသန့်မင်္ဂလာအခမ်းအနားကျင်းပ

စစ်ကိုင်း ဇန်နဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက်အတွင်းရှိ ရွှေဆည်းလည်းမုဌော စေတီတော်မြတ်ကြီးကို အသစ်တစ်ဖန် ပြန်လည်တည်ထား ကိုးကွယ်ရာတွင် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံစေရန် စိတ်ရည်သန်၍ ရွှေဆည်းလည်းစေတီဝတ္တကမြေအား မြေသန့်မင်္ဂလာ ပြုလုပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းသံဃနာယက ဒုတိယ ဥက္ကဋ္ဌ (သုဓမ္မာ) ခေမာသီဝံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိနှင့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၂)မှ အင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းနှင့် ဆောက်လုပ်ရေးဝန်ထမ်း မိသားစုများ ဒါယကာ ဒါယိကာမများ တက်ရောက်ကြ၍ ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ဒါယကာ ဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး တောင်ဝန်မင်း ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စထံမှ ငါးပါးသီလခံယူတည်ဆောက်ကြပြီး တကောင်း ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တသာသနထံမှ စေတီတည်ထားကိုးကွယ်ရခြင်းအကြောင်းအကျိုး အနုမောဒနာ ကထာနှင့် ကျွတ်ထိုက်သောသတ္တဝါ အနန္တတို့အား ရေစက်သွန်းချအမျှဝေပြီး ဆရာတော်များက အန္တရာယ်ကင်းကမ္မဝါစာ၊ မြေသန့်ကမ္မဝါစာများ ရွတ်ပွားချီးမြှင့်ပေးသည်။ ထို့နောက် ဆရာတော်ကြီးများအား ဒါယကာ၊ ဒါယိကာမတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပြီးမြောက်အောင်မြင်ခဲ့ကြောင်း သိရသည်။ **(စစ်ကိုင်း မြန်/ဆက်)**

လူသေမှုမှ လူသတ်မှုအဖြစ်ဖော်ထုတ်

စစ်ကိုင်း ဇန်နဝါရီ ၂၄

လင်မယားချင်း စကားများကြစဉ် အရက်မူးလွန်ကာ ရေထည့်ထားသည့် သံရေပုံး (နဖား) ပေါ်သို့ မှောက်လျက်လဲကျကာ ဒဏ်ရာရရှိ သေဆုံးသည်ဆိုသော လူသေမှုမှ အမှုစစ်အရာရှိ၏ စုံစမ်းဖော်ထုတ်မှုဖြင့် အရေးယူလိုက်သော လူသတ်မှုစစ်ကိုင်းမြို့နယ် မအူပင် အနောက်ရွာတွင် ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့နယ် မအူပင် အနောက်ရွာတွင် ဇန်နဝါရီ ၁၁ ရက်က လူတစ်ဦးသေဆုံးကြောင်း သတင်းအရ စစ်ကိုင်းအမှတ် (၁) ရဲစခန်းမှူး ရဲအုပ် လှိုင်မြင့်သိန်းသည် စစ်ကိုင်း အမှတ် (၂) ရဲစခန်းမှ ဒုရဲအုပ် မင်းလွင်ဦးနှင့် သက်သေများ လိုက်ပါလျက် သွားရောက်ကြည့်ရှုစစ်ဆေးရာ မအူပင် အနောက်ရွာနေ ဦးမိုးဇော်မှာ ဇနီးဖြစ်သူ မကြီးကြီး (ခ) မော်မော်လွင်နှင့် စကားများကြစဉ် အရက်မူးလွန်ပြီး ရေထည့်ထားသော သံပုံး(နဖား)ပေါ်သို့ မှောက်လျက်လဲကျကာ ဒဏ်ရာရရှိသေဆုံးကြောင်း ပြောဆိုသည့်အတွက် သေမှုသေခင်း စစ်ဆေးခဲ့သည်။ အမှုစစ်အရာရှိစခန်းမှူး ရဲအုပ် လှိုင်မြင့်သိန်းက သေဆုံးသူ ဦးမိုးဇော်၏ အလောင်းကို စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆရာဝန်များ ရင်ခွဲ၍ စစ်ဆေးရာ သေဆုံးသူ ဦးမိုးဇော်မှာ ရရှိခဲ့သော ဝဲဘက်ရင်အုံ အထက်မှ ဒဏ်ရာနှင့် နောက်ကျောမှ ဒဏ်ရာတို့မှာ ချွန်ထက်သောလက်နက်ဖြင့် ထိုးသွင်းထားသော ဒဏ်ရာများ ဖြစ်ကြောင်း သိရှိရသဖြင့် သက်သေများ အသေးစိတ်စစ်ဆေးခဲ့ရာ ဦးမိုးဇော်မှာ အခင်းဖြစ်ချိန်က အရက်မူးနေပြီး ရေပုံးဆွဲလာသော ဇနီးဖြစ်သူ မကြီးကြီး(ခ) မော်မော်လွင်နှင့် စကားများကာ ဇနီးဖြစ်သူအား သံရေပုံးဖြင့် ရိုက်နှက်ရန် ပြင်ဆင်နေစဉ် မကြီးကြီး (ခ) မော်မော်လွင်၏ မောင်ဖြစ်သူ သတိုးစော ရောက်ရှိလာပြီး လက်သီးနှင့်ထိုး၊ ဓားမြှောင်ဖြင့်ထိုး၍ ဦးမိုးဇော်တွင် ယာဘက်ပါးရိုး၊ မျက်ခုံးတို့၌ ဖူးရောင် ပွန်းပဲ့ဒဏ်ရာ၊ ဝဲဘက်ရင်အုံ အထက်နှင့်နောက်ကျောတို့၌ ထိုးသွင်းဒဏ်ရာရရှိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ပါ၍ လူအား ဒဏ်ရာရရှိသေဆုံးအောင် လက်သီးနှင့်ထိုး၊ ဓားမြှောင်နှင့်ထိုးခဲ့သူ သတိုးစော မအူပင် အနောက်ရွာ စစ်ကိုင်းမြို့နေသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အရေးယူဖမ်းဆီး စစ်ဆေးလျက် ရှိသည်။ (၁၃၇)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အတိုးနှုန်းသက်သာစွာဖြင့် သစ္စာမွန်သမဝါယမအသင်းမှ ငွေများထုတ်ချေး

စစ်ကိုင်း ဇန်နဝါရီ ၂၄

စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ကွက် သစ္စာမွန်ရောင်းဝယ်ရေး သမဝါယမ ငွေစု၊ ငွေချေး(လုပ်ငန်းခွဲ) အသင်းမှ ဆင်းရဲမှုလျှော့ချရေးမူအရ ပဉ္စမအကြိမ် ငွေများထုတ်ချေးမှုကို ဇန်နဝါရီ ၁၅ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ အတိုးနှုန်းသက်သာစွာဖြင့် ငွေများထုတ်ချေးပေးရာတွင် နန်းဦး မြို့သစ်ရပ်ကွက်ရှိ အိမ်ထောင်စုဝင် ၅၆၈ ဦးအနက် လက်လုပ်လက်စားနှင့်ဈေးသည် ၅၅ ဦးကို ခြောက်လဆပ် စနစ်ဖြင့် တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် လက်ဝယ်အရောက် ထုတ်ချေးပေးရာတွင် ငွေထုတ်ချေးသူအသင်းသားများ၏ ဆန္ဒအရ သုံးလဆပ် စနစ်ဖြင့်သာ ထုတ်ချေးယူကြသည်။

ငွေထုတ်ချေးပေးမှုနှင့် စပ်လျဉ်း၍ သစ္စာမွန်သမအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက "မြန်မြန်ပြန်လည်ပေးဆပ်ပြီးပါက မြန်မြန်ပြန်လည် ထုတ်ချေးနိုင်ရန်အတွက်ဖြစ်ပြီး ကျွန်တော်က မှန်မှန်ပေးဆပ်သူကို ချေးငှားပေးတာ ငွေချေးသူများက သိသဖြင့် ယခုလို မြန်မြန်ပြန်လည်ပေးဆပ်ခြင်းဖြစ်ကြောင်း" ပြောကြားသည်။ **(ခရိုင် မြန်/ဆက်)**

ကျောက်မဲ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကျောက်မဲ ဇန်နဝါရီ ၂၄

မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်နိုင်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို ကျောက်မဲမြို့ မင်္ဂလာဈေးသစ်ကြီးတွင် ဇန်နဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။ အဆိုပါလက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဌေး၊ မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးသောင်းထိုက်၊ ဌာနဆိုင်ရာများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးကိုကိုကြီးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ (၀၉၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ကလေးဆေးရုံကြီး(ဒဂုံမြို့နယ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ကလေးများကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ များ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၂၅-၁-၂၀၁၃(သောကြာနေ့)
တင်ဒါပိတ်မည့်နေ့ရက် - ၈-၂-၂၀၁၃(သောကြာနေ့)
တင်ဒါပိတ်မည့်အချိန် - ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရန်ကုန်ကလေးဆေးရုံကြီး
အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊မြိုင်မဟာစည်သာသနာ့ရိပ်သာ၏ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဇန်နဝါရီ၂၄ရက်တွင်၊ မန္တလေးမြို့၊ (၃၅)လမ်း၊ လမ်း(၉၀)၊ မြရတနာဓမ္မာရုံဓမ္မသဘင်၊ ၂၅ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မြောက်ဆည်ရွာရှင်ပြုဓမ္မသဘင်၊ ၂၆ရက်တွင်မြိုင်မြို့ လက်ယက္ခရွာ ဓမ္မသဘင်၊ ၂၉ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်(၁၀)လမ်း ဓမ္မသဘင်၊ ၃၁ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ရပ်ကွက်၊ ဆည်းဆာဓမ္မသဘင်နှင့် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မေတ္တာလမ်း ဓမ္မသဘင်၊ ဖေဖော်ဝါရီလ၆ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်ဂါမနိလမ်း ဓမ္မသဘင်၊ ၈ရက်တွင် ရွှေပြည်သာမြို့နယ်၊ ည/(၁၁)ရပ်ကွက်၊ ဇေယျဝတီလမ်း ဓမ္မသဘင်၊၉ရက်တွင် အင်းစိန်မြို့နယ် ဓမ္မသဘင်၊ ၁၀ရက်မှ ၁၅ရက်အထိ မလေးရှားနိုင်ငံ ဓမ္မဒူတခရီးစဉ်နှင့် ဖေဖော်ဝါရီ ၁၆ရက်တွင် လှိုင်မြို့နယ် ဓမ္မသဘင်တို့၌ ညစဉ် (၇)နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

ဦးမောင်မောင်ဘုန်းမြင့် (ဆရာဘုန်း)၏
အင်္ဂလိပ် ⟺ မြန်မာ ဘာသာပြန်ဆိုနည်း၊ သီးသန့်သင်တန်း
ဘာသာပြန်ဆိုခြင်းအတတ်ပညာကို အသက်မွေးဝမ်းကျောင်း ပြုနိုင်အောင် သင်ကြားပေးမည်။
ရန်ကုန်/မန္တလေး ... (၄)ခု ဖွင့်လှစ်ပါသည်။
၉၉၊ အနော်ရထာလမ်း၊ ရန်ကုန်။ ဖုန်း - ၀၉ ၄၃၀၅၇၄၅၁၅

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၂-၂၀၁၂ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဃ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)ဦးမောင်မြင့်၏ဂရန်သစ်တွင် မှတ်ပုံတင်အမှတ် ၁၂/သကတ(နိုင်) ၀၇၀၇၄၆အစား ၁၂/သကတ(နိုင်)၀၇၀၄၄၆ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

သဒ္ဓမ္မပါလ နေမြဲကိုက်သစ်ကျောင်း (၅၃) ကြိမ်မြောက် တရားစခန်းဖွင့်ပွဲ
တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက် ... သဒ္ဓမ္မပါလ နေမြဲကိုက်သစ်ကျောင်း၌
ဝိပဿနာ(၇) ရက် တရားစခန်းကို (၄-၂-၁၃)မှ (၁၀-၂-၁၃) နေ့ထိ
... ဆရာကြီးဦးမြင့် ... ကျောင်းတိုက် ...
... ဘဒ္ဒန္တသာသန (...)
မှ ... ဝိပဿနာတရားတော်များကို ဟောကြား
ပြသပေးမည်ဖြစ်ပါ၍ ... (၃-၂-၁၃) ညနေ(၆)နာရီအရောက်
ကြွရောက်ပါရန် နိုးဆော်အပ်ပါသည်။
အကျိုးဆောင်အဖွဲ့ 09-73008262, 09-73055611, 01-563141

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာခေါ်ဝင်း(L.L.B.) နှင့်သာဆက်သွယ်ပါ

အမှတ်(၄၆) မြေညီထပ် (၉၀)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎01-394727,01-399426,09-73009994, 095152521

ကြော်ငြာ

မင်္ဂလာညည်ခံပွဲကျေးဇူးတင်လွှာ

1329, Southgate Avenue, Daly City, California, U.S.A နေ
ဦးအောင်သိန်း + ဒေါ်သန်းသန်းအေး တို့၏ တစ်ဦးတည်းသောသား

မောင်စိုးဝင်းအောင်

B.Sc. (Physics),
(Processing Operator of US Bank, CA, U.S.A)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၊ အမှတ် – ၉၂ (A,C,D) နေ
ဦးအေးမြင့်ဦး + ဒေါ်ခင်အေးနိုင် (Owner of Aye's Family Co., Ltd., Ygn, Myanmar,
NAOO International Co., Ltd. Tokyo, Japan & A-AMO Pte. Corporation-U.S.A)တို့၏သမီးငယ်

မသီတာမြင့်ဦး

B.Sc. Finance (San Francisco State University)
Degree of Business Administration (Sanno Collage, Tokyo, Japan)
(Director of Aye's Family Co., Ltd.,
NAOO International Co., Ltd. Tokyo, Japan & A-AMO Pte. Corporation-U.S.A)

တို့၏ (၁၀-၁-၂၀၁၃) ရက် (သောကြာနေ့)တွင် "**Traders Hotel (Myanmar Ball Room)**"၌ ကျင်းပပြီးခဲ့သော "**စေ့စပ်မင်္ဂလာပွဲအခမ်းအနား**" တွင်မင်္ဂလာစေ့စပ်လက်စွပ်ဆင်မြန်းပေးခဲ့ပါသော ဝဏ္ဏကျော်ထင်ပါမောက္ခ ဒေါက်တာတင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်းအားလည်းကောင်း၊ မင်္ဂလာစေ့စပ်လက်စွပ်ဖန်ကိုင်ဆောင်ပေးပါသောညီမငယ် ဝင်းလဲ့ရွှေရည် (F.P II,U.M.1) အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားဒေါက်တာသိန်းမြင့်သန်းနှင့် တေးသံရှင်များအားလည်းကောင်း၊ (၁၂-၁-၂၀၁၃) ရက် (စနေနေ့)တွင် "**Sedona Hotel မင်းတုန်းခန်းမ**"၌ ကျင်းပသော "**မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ**" တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်ရီရီအောင်အားလည်းကောင်း၊ မင်္ဂလာလက်မှတ်ရေးထိုးရာတွင် အသိသက်သေများအဖြစ်ဆောင်ရွက်ပေးကြပါသော ကိုအောင်မြို့ဓလေ၊ မောင်မိုးမိုးဝင်းတို့အားလည်းကောင်း၊ (၂၀-၁-၂၀၁၃)ရက်(တနင်္ဂနွေနေ့)တွင် "**Sedona Hotel, Grand Ball Room**" ၌ ကျင်းပပြုလုပ်ခဲ့သော "**မင်္ဂလာညည်ခံပွဲအခမ်းအနား**" တွင်မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်စိန်လက်စွပ်ရာဆင်မြန်းပေးပါသော ဝဏ္ဏကျော်ထင်ပါမောက္ခဒေါက်တာတင်အောင်အေးနှင့် ဇနီးဒေါ်ခင်ဝင်းအားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာပန်းကြဲပေးပါသောညီမငယ် မနန်းဆုရတီစိုး (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အဆိုတော်)နှင့် ဒေါက်တာသဉ္ဇာအောင်၊ မင်္ဂလာအောင်စံပယ် ပန်းကုံးဖန်ကိုင်ဆောင်ပေးသော ညီမငယ် ယွန်းရွှေလှ၊ မင်္ဂလာစိန်လက်စွပ်ဖန်ကိုင်ဆောင်ပေးသော ညီမငယ် ဖွဲ့ဝန်းဖြူ၊ သတို့သားအရံ ဒေါက်တာမျိုးဝေဝင်းနှင့် ဒေါက်တာသွင်မိုးပိုင်၊ သတို့သမီးအရံ မနှင်းဆီလွင်နှင့် ဒေါက်တာစုစုပိုင်၊ မင်္ဂလာအခမ်းအနားအသီးသီးတွင် မင်္ဂလာပြောဟောပေးကြပါသော အခမ်းအနားမှူး ဦးသိန်းလှမင်းအားလည်းကောင်း၊ မင်္ဂလာအမိတ်ပေးသီဆိုပေးသော နိုင်ငံကျော်တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် တေးသီချင်းသီဆိုပေးသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ဦးနေအောင်၊ ကဲကော်တော ဦးမျိုးအောင် တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသောကိုညွှန့်ဦးသော **Plus Three Band** တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးသော ဒေါက်တာအောင်ကျော်ဝင်း နှင့် ဇနီးဒေါက်တာသက်သက်နိုင် (**Forever Gem By Shwe Nan Daw** စိန်ရွှေရတနာဆိုင်) အားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော မလေးရှားသန်းမြင့်နှင့်အဖွဲ့၊ မင်္ဂလာဝိုးတည်များကို စိတ်ရှည်စွာ ယက်လုပ်ပေးပါသော ကိုမြို့မဝေအောင်၊ နှင့် ဇနီး (သိင်္ဂီရွှေထိုးဝိုးတည်တိုက်) မင်္ဂလာဝတ်စုံများကို စီစဉ်ပေးသူ မေဦးမောင် (တော်ဝင်သူ) အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှပြင်ဆင်ပေးပါသော မေဦး(တော်ဝင်သူ)နှင့်အဖွဲ့၊ ပွဲစဉ်တစ်လျှောက်လုံးအတွက် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဇာဘွား (**Focus Daily**) အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညည်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာညည်ခံပွဲသို့ကိုယ်တိုင် တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်ပေးပို့ပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဆွေနှင့် မင်္ဂလာညည်ခံပွဲသို့ကိုယ်တိုင်တက်ရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသောရပ်ဝေး ရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ "**Sedona Hotel**" မှ မန်နေဂျာ ဦးအဲရစ် မြေမြင့်သက်နှင့် ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း၊ (၂၀-၁-၂၀၁၃) ရက် (တနင်္ဂနွေနေ့) ညနေပိုင်းတွင် "**Chatrium Hotel, Pool Garden**" ၌ ကျင်းပပြုလုပ်ခဲ့သည့် "**မင်္ဂလာညစာစားပွဲအခမ်းအနား**"တွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မနိုနိုအောင် ညနေခင်း **Dinner** ဝတ်စုံများကို စီစဉ်ချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်အားလည်းကောင်း၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသော "**Kiss**" တွင် "**Chatrium Hotel, Pool Garden**" ၌ ကျင်းပပြုလုပ်ခဲ့သည့် "**မင်္ဂလာညစာစားပွဲအခမ်းအနား**"တွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မနိုနိုအောင် ညနေခင်း **Dinner** ဝတ်စုံများကို စီစဉ်ချုပ်လုပ်ပေးပါသော ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်အားလည်းကောင်း၊ တေးသံသာများဖြင့်ဖျော်ဖြေပေးသော "**Kiss**" တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း"**Chatrium Hotel**" မှ ကိုအောင်ခိုင်လင်းနှင့်ဝန်ထမ်းများအား လည်းကောင်း၊ မင်္ဂလာဖိတ်စာများကိုပုံနှိပ်ပေးပါသော ဒဂုန်ပုံနှိပ်တိုက်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့်ဝိုင်းဝန်း ကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးဝင်းအောင် + မသီတာမြင့်ဦး

မင်္ဂလာဦးဆုမွန်လွှာ

ကိုစိုးဝင်းအောင်နှင့် မသီတာမြင့်ဦးတို့၏ မင်္ဂလာဦးရက်မြတ်မှသည် နောင်ရေတု အဆက်ဆက်တိုင်အောင် ကိုယ်စိတ်ချမ်းသာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကိုကိုနှင့်မမ ဒေါက်တာမင်းသူနှင့် ဒေါ်ဟေဇာမြင့်ဦး၊ တူမလေး ဘောဘီဦး၊
မောင်လေးစိုးလင်းဦး၊ အေး မိသားစု Co., Ltd. မှဝန်ထမ်းများ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏မေတ္တာရပ်ခံခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ဗီဒီယိုလောကသားများနှင့် ဖြန့်ချိရေးလုပ်ငန်းရှင်ကြီးများ၊ ငှားရမ်းရေးလုပ်ငန်းရှင်ကြီးများ၏ အကျိုးစီးပွားကို ကာကွယ်သောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ အကူအညီဖြင့် ခိုးကူးခွေနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ တရားမျှတခြင်းနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသော မည်သူမဆို မြန်မာနိုင်ငံတစ်ဝန်း ခိုးကူးခွေ(ပွားခွေ၊ နယ်ကျော်ခွေ၊ ဆင်ဆာမဲ့ခွေ၊ ညစ်ညမ်းခွေ)များနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း သတင်းပေးပို့နိုင်ပါသည်။

ဖုန်း-၀၉-၇၃၀၉၆၂၂၃သို့ ရုံးပိတ်ရက်များမှအပ မွန်းလွဲ ၂း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း သတင်းပေးပို့တိုင်ကြားပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။

(သတင်းပေးသူအား လုံးဝလျှို့ဝှက်ထားရန် တာဝန်ယူပါသည်။)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏မေတ္တာရပ်ခံခြင်း

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ မူပိုင်ခွင့်ချိုးဖောက်မှု ကာကွယ်တားဆီးရေးကော်မတီအနေဖြင့် ယိုင်လဲပျက်စီးနေသော မြန်မာ့ဂီတလောကတစ်ရပ်လုံး ပြန်လည်ရှင်သန်ရေးအတွက် ခိုးကူးခွေများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုများဖြင့် တားဆီးအရေးယူလျက်ရှိပါသည်။ ပိုမိုထိရောက်အောင်မြင်စေရန်နှင့် ဂီတလောကတစ်ရပ်လုံး ပိုမိုရှင်သန်၍ နိုင်ငံတကာအဆင့်မီ ဂီတများ ဖန်တီးထုတ်လုပ်နိုင်စေရန်ရည်သန်၍ **မြန်မာသီချင်းနှင့် မြန်မာဗီစီဒီ ခိုးကူးနေသောနေရာ (သို့မဟုတ်)မြန်မာသီချင်းနှင့် မြန်မာဗီစီဒီခိုးကူးခွေများ ပေါ်ပေါ်ထင်ထင် ရောင်းချနေသော ဆိုင်ကြီးများကို** အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ သတင်းပေးတိုင်ကြားနိုင်ကြောင်း လေးစားစွာကြေညာအပ်ပါသည်။ **ဂီတကိုချစ်လျှင် ကူညီပါ။**

ဖုန်း-၀၉-၇၃၁၅၆၉၈၇၊ ၀၉-၄၀၁၆၂၁၅၂၂ (ရုံးချိန်အတွင်း)

ဂီတအနုပညာရှင်များအားလုံးကိုယ်စား
မူပိုင်ခွင့်ချိုးဖောက်မှုကာကွယ်တားဆီးရေးကော်မတီ
မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၃ နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၃၄

ဒေါ်သန်းသန်းအေး **နှင့်** ဦးမင်းသူရ(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒုတိယဗိုလ်မှူးကြီးခင်မောင်သော်)

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးမင်းသူရ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒုတိယဗိုလ်မှူးကြီးခင်မောင်သော်) အမှတ်(၃/ခ)၊ ဧရာမြိုင်လမ်း၊ သန်လျက်စွန်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်သူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၁၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်သန်းသန်းအေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၈ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

ဖြူဖြူသွယ် (တ/၁၈၈၅)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ လူနေရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၃၆၆၊ (အလျားပေ၄၀×အနံပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၆ဧကရှိ နှစ် ၆၀ဂရန်မြေကွက်ကြီး၏ ခြေရင်းဘက်ခြမ်း၊ (အလျား ပေ၂၀×အနံ ပေ၆၀)၊ စတုရန်းပေ ၁၂၀၀ တိတိအား တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်အေး YSO-၁၁၃၁၃၂ထံမှ ကျွန်မ ဒေါ်ခင်ခင်နွဲ့ ၁၂/ဥကတ(နိုင်)၀၆၃၁၀၁က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ကျွန်မထံသို့ ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်နွဲ့ ၁၂/ဥကတ(နိုင်)၀၆၃၁၀၁
တိုက် ၂၊ အခန်း ၂၄၊ တော်ဝင်အိမ်ရာ၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့

အမည်ဖြည့်စွက်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ အလယ်ပိုင်းရပ်ကွက်နေ ဦးထွန်းအောင်ခိုင်၏သား မောင်ကျော်သူထွန်း ၁၁/ပတန(နိုင်) ၀၂၆၄၀၄ အား မောင်ကျော်သူထွန်း(ခ)မောင်အောင်သူဖြိုး ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မောင်ကျော်သူထွန်း(ခ)မောင်အောင်သူဖြိုး

ဖခင်အမည်မှန်

အထက (၂) မရမ်းကုန်း နဝမတန်း(E)တွင် ပညာသင်ကြားနေသော မထက်ထက်စိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင်ဖြစ်ပါကြောင်း။

အမည်ပြောင်း

လက်ပံတန်းမြို့၊ ဘီးလင်းတန်းလမ်းနေ ဦးသန်းညို-ဒေါ်အေးမြဦးတို့၏သား အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မောင်ဉာဏ်ထက်ဦးအား မောင်ဉာဏ်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ် ဗန်းမော်မြို့နေ မကွန်ထန်ထွယ်ဆိုင်းမိုင်၏ ဖခင်ဦးထွဲဝါနှင့် ဦးဂွန်ထန်ထွဲဝါ ၁/ဗမန(နိုင်)၀၀၆၆၃၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဦးထွဲဝါ(ခ)ဦးဂွန်ထန်ထွဲဝါ

အမြန်ရောင်းမည်

ရန်ကုန်-ပဲခူးလမ်းမပေါ် နေပြည်တော် လမ်းဆုံအနီး ၁၁ဧက (၁ဧက= ၁၂၀၀)၊ ၂၅ဧက (၁ဧက=၈၀၀)။

ဖုန်း-၀၉-၄၃၀၈၈၂၇၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၀၇၆၈၊ FEKON 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခင် ၁၃/တကန (နိုင်) ၀၀၅၂၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

